# စည်းသားခြင်း

မြန်မာနိုင်ငံ၏ သယံဇာတ တူးဖော်ရေးလုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက်
တရုတ်နိုင်ငံ၏ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းနှင့် ပတ်သက်၍ လေ့လာတင်ပြချက်



ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု အဖွဲ့

စက်တင်ဘာလ ၊ ၂၀၁၃ ခုနှစ်

## ရွှေ သဘာဝဓာတ်ငွေ့လှုပ်ရှားမှု အဖွဲ့(SHWE GAS MOVEMENT)

ရွှေ သဘာဝဓာတ်ငွေ့လှုပ်ရှားမှု အဖွဲ့သည် (SGM) ရပ်ရွာအခြေပြု အဖွဲ့အစည်းတစ်ခု ဖြစ်၍ ရွှေ သဘာဝဓာတ်ငွေ့စီမံကိန်း နှင့် မြန်မာနိုင်ငံကို ဖြတ်သန်းသွားမည့် တရုတ်နိုင်ငံ၏ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းကို လူ့အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ တရားမျှတမှုများ၊ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး ကဏ္ဍတွင် ဘဏ္ဍာဝင်ငွေ ဆိုင်ရာ ပွင့်လင်းမြင်သာမှု အကြောင်းများအပေါ် အခြေခံ၍ ကန့်ကွက်လှုပ်ရှားနေသော အဖွဲ့အစည်း ဖြစ်ပါသည်။

ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု အဖွဲ့က ဖော်ပြသော ဒီဇိုင်းနှင့် ဓာတ်ပုံတို့သည် အဖွဲ့ပိုင်ဓာတ်ပုံများ ဖြစ်ပါသည်။ သို့သော်လည်း စာမျက်နှာ(၂၈)ပါ ဓာတ်ပုံသည် အက်ဒွပ်ချုန်ဟို (Edward Chung Ho)၏ ကျေးဇူးပြုချက်ဖြစ်ပါသည်။

ဝက်ဘ်ဆိုက်:     www.shwe.org
ဖေ့စ်ဘုတ် :     www.facebook.com/shwegas

ဆက်သွယ်ရန်:   global@shwe.org
စက်တင်ဘာလ၊ ၂၀၁၃ ခုနှစ်

# မာတိကာ


| | |
|---|---|
| ၂ | အစီရင်ခံစာ အကျဉ်းချုပ် |
| ၄ | ရွှေ သဘာဂဓာတ်ငွေ့ လှုပ်ရှားမှု အဖွဲ့၏ လုပ်ငန်းနှင့် တာဝန် |
| ၆ | ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းအကြောင်း |
| ၁၂ | အနှစ်မပါသော ကတိစကားများ |
| ၁၆ | မြေယာပြဿနာများ |
| ၂၀ | အလုပ်သမား အခွင့်အရေး ပြဿနာများ |
| ၂၄ | သဘာဝ ပတ်ဝန်းကျင် ပြဿနာများ |
| ၂၈ | ပဋိပက္ခ ပြဿနာများ |
| ၃၂ | ကုမ္ပဏီများ၏ တုံ့ပြန်မှု |
| ၃၄ | အုပ်ချုပ်ရေး |
| ၃၆ | စည်းသားရန် အချိန်တန်ပြီ |
| ၃၉ | နိဂုံးချုပ် မှတ်ချက်နှင့် အကြံပြုချက်များ |
| ၄၀ | အချပ်ပို (၁) |
| ၄၁ | အချပ်ပို (၂) |

# အစီရင်ခံစာ အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ အကြီးဆုံး သယံဇာတ တူးဖော်ရေးလုပ်ငန်း ဖြစ်ပြီး မြန်မာနိုင်ငံ အစိုးရ အတွက် ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ (၅၄) ဘီလီယံ ရရှိစေမည့်၊ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းသည် ယခု အခါ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ စတင်ပို့ဆောင်နေပြီ ဖြစ်သည်။ အရပ်သားတစ်ပိုင်း အစိုးရလက်ထက်တွင် စတင်၍ အကောင်အထည်ပေါ်လာခဲ့သော ယခုစီမံကိန်းဖော်ဆောင်မှုသည် သယံဇာတ အရင်းအမြစ်များအပေါ် ရင်းနှီးမြှုပ်နှံရေးနှင့် တူးဖော်ထုတ်လုပ်ရေး အတွက် တံခါးဖွင့်ထားသော မြန်မာနိုင်ငံတွင်ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာစေမည် ဖြစ်ပြီး လာမည့်အနာဂတ် သယံဇာတ တူးဖော်ရေး စီမံကိန်းများ ဖော်ဆောင်မှုတို့အတွက်လည်း ရှေ့ဆောင်လမ်းပြ ကျင့်သုံးမှုပုံစံတစ်ရပ်ဖြစ်လာပေလိမ့်မည်။ လက်ရှိ တူးဖော်ရေး စီမံကိန်းများ အရဆိုလျှင် လုပ်ဆောင်မှု အဆင့်အတန်းသည် ကောင်းလှသည်တော့ မဟုတ်ချေ။

ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းဆိုသည်မှာ မြန်မာနိုင်ငံ၏ ရခိုင်ကမ်းရိုးတန်းမှ တရုတ်နိုင်ငံ ကူမင်းနှင့် နန်နင်းမြို့များအထိ သွယ်တန်းထားသော ပိုက်လိုင်းနှင့် ဆက်စပ်နေသည့် တည်ဆောက်ရေးလုပ်ငန်း အများအပြားကို ခြုံငုံ၍ ဆိုလိုခြင်း ဖြစ်ပါသည်။ စီမံကိန်း၏ အဓိက အစိတ်အပိုင်းများမှာ ကမ်းလွန် သဘာဝဓာတ်ငွေ့ တူးစင်များ၊ ကုန်းတွင်း သဘာဝဓာတ်ငွေ့ သိုလှောင်ရုံ၊ ရေနက်ဆိပ်ကမ်း၊ ရေနံစိမ်း သိုလှောင်ရုံတို့အပြင် တရုတ်ပြည် အနောက်တောင်ပိုင်းသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံတို့ကို တိုက်ရိုက်ပို့ပေးရန် မြန်မာနိုင်ငံကို ထောင့်ဖြတ် ဖြတ်သန်းသွားသော ပိုက်လိုင်း (၂) လိုင်းတို့ ဖြစ်သည်။

ဤစီမံကိန်းနှင့်အတူ ပူးတွဲ၍ အထူးစီးပွားရေးဇုန် တစ်ခု၊ မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းကို တရုတ်ပြည်နှင့် ဆက်သွယ်ပေးသော နိုင်ငံဖြတ်ကျော် မီးရထားလမ်း စသည်ကဲ့သို့သော အခြားစီမံကိန်းများကိုလည်း ထိရောက်စွာ အကောင်အထည် ဖော်ဆောင်နိုင်လိမ့်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ စစ်အာဏာရှင်စနစ်မှ အမည်ခံအရပ်သားအစိုးရ သို့ ကူးပြောင်းမှုသည် အစဦးနှင့် မရေရာသော အဆင့်မှာသာ ရှိနေဆဲ ဖြစ်သဖြင့် စီမံကိန်းကြောင့် ဖြစ်ပေါ်လာသော မတော်မတရားမှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ဆက်လက် ဖြစ်ပေါ်လျက် ရှိနေဆဲ ဖြစ်သည်။ ထို့အပြင် နောက်ထပ်အကျိုးဆက် ပြဿနာများလည်း ပေါ်ပေါက်လာခဲ့သည်။ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်း၏ အဓိကကျသော တိုက်ရိုက်ဆိုးကျိုးများအဖြစ် လယ်ယာ မြေ သိမ်းပိုက်မှု၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှု၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်ပျက်စီးမှုတို့ ကြုံတွေ့နေရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၌ အထက်ပါ အဓိက ပြဿနာများကြောင့် မြန်မာ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်မတော် (၄) ခုတို့ အကြားတွင် တိုက်ပွဲများ မကြာခဏ ပြန်လည် ဖြစ်ပွားနေခဲ့သည်။ ဤ အဓိကပြဿနာများကို နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုနိုင်ပါက ငြိမ်းချမ်းတည်ငြိမ်မှု မရနိုင်ဘဲ လက်နက်ကိုင် တိုက်ပွဲများ ပေါ်ပေါက်နေဦးမည် ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး ဥပဒေသည် လယ်မြေ အနည်းအကျဉ်းပိုင်သော လယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း မပြုဘဲ မတရားမြေသိမ်းမှုများကို ယခင်ကထက်ပင် ပိုမို ဖြစ်ပေါ်စေပြီး လယ်သမားများမှာ ပို၍ပင် နစ်နာခဲ့ကြရသည်။ ထိရောက်စွာ ပြန်လည် ကုစား ဖြေရှင်းနိုင်သည့် စနစ်လည်း မရှိချေ။ ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ တာဝန်ခံမှုတို့အပေါ် စိုးမိုးနိုင်သော ဥပဒေများ လည်း မရှိသလောက်နီးပါး ဖြစ်နေသည်။ မကြာခင်က ထုတ်ဝေခဲ့သော ကျွန်ုပ်တို့၏ အကျဉ်းချုပ်အစီရင်ခံစာ Good Governance

and the Extractive Industry in Burma (မြန်မာ့ သဘာဝ သယံဇာတ ထုတ်လုပ်မှု လုပ်ငန်းများ နှင့် ကောင်းမွန်သည့် အစိုးရ အုပ်ချုပ်ရေးစနစ်) တွင် လက်ရှိ ဥပဒေ မူဘောင်၊ သို့မဟုတ် စည်းမျဉ်းဘောင် ကင်းမဲ့နေပုံတို့ကို ပိုင်းခြားသုံးသပ် ပြထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အတိုက်အခံလှုပ်ရှားမှုနှင့် ပတ်သက်၍ ပိတ်ပင်သော ဥပဒေများကို ဆက်လက်ထားရှိဆဲဖြစ်သည်။ ငြိမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ၊ မတရားအသင်း ပုဒ်မနှင့် ကန့်သတ်ချုပ်ချယ်သော မီဒီယာဥပဒေများသည် စီးပွားရေးကော်ပိုရေးရှင်းကြီးများ၏ မတော်မတရားမှုများနှင့် ပတ်သက်၍ ဒေသခံပြည်သူများ ဆန္ဒ ထုတ်ဖော် တိုင်တန်း တောင်းဆို၍ မရနိုင်ရန် ဆက်လက် ပိတ်ပင်ထားဆဲဖြစ်သည်။

နိုင်ငံအဆင့် အမျိုးသားဥပဒေမှာ အထက်ပါ အခြေခံ အားနည်းချက်များ ရှိနေသည်။ ထို့အပြင် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရလည်း သယံဇာတ အရင်းအမြစ်များနှင့် ပတ်သက်၍ ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှာ လုပ်ပိုင်ခွင့် မရှိသဖြင့် သင့်လျော်သော ခွဲဝေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ပိုင်ခွင့်မရှိချေ။ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်း၏ အကျိုးအမြတ်များသည် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးဆုံး အခြေခံ လူတန်းစားများကို ချန်လပ်ကာ ပြည်ထောင်စု အစိုးရဆီသို့ တိုက်ရိုက်ရောက်သွားစေရန် ရေးဆွဲထားသည်။ ဘဏ္ဍာဝင်ငွေနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု ရှိစေရာလည်း မလိုချေ။ တိုင်းရင်းသား ပြည်နယ်များနှင့် တိုင်းဒေသကြီးများအား စစ်မှန်သော ဖက်ဒရယ်စနစ် တစ်ခုကို တည်ထောင်မပေးနိုင်ပါက နိုင်ငံတော်အဆင့်မှ စီမံကိန်းသစ်များ ဖော်ဆောင်ခြင်းအပေါ် ၎င်းတို့အနေဖြင့် မကျေမနပ်ဖြစ်ကြပေလိမ့်မည်။ ဤသို့ဖြင့် ပဋိပက္ခများနှင့် ပြည်တွင်းစစ်များသည် ဖြေရှင်းပြေလည်သွားရန် မရှိဘဲ ဆက်လက်၍ တည်ရှိ နေမည်ဖြစ်သည်။


ယခုအခါ၌ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းသည် အကောင်အထည် ပေါ်လာတော့မည်ဖြစ်ပြီး အခြားသော အလားတူ ဖွံ့ဖြိုးရေး စီမံကိန်းများသည်လည်း အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်နေကြသည်။ ကာကွယ်စောင့်ရှောက်ရေး အစီအမံများမရှိဘဲ အခြားစီမံကိန်းများ ဖြစ်သော သံလွင်မြစ်နှင့် ဧရာဝတီမြစ်ကမ်းများပေါ်ရှိ ရေအားလျှပ်စစ် စီမံကိန်းများ၊ လက်ပံတောင်း ကြေးနီ စီမံကိန်းများနှင့် တိုင်းပြည်အနှံ့အပြားရှိ အထူးစီးပွားရေးဇုန်များ တည်ဆောက်ခြင်း တို့ကို ရှေ့တိုး၍ အကောင်အထည်ဖော် လုပ်ဆောင်လျက် ရှိသည်။ မြန်မာနိုင်ငံရှိ ပြည်သူတို့ ဆုံးဖြတ်ရမည်မှာ အထက်ပါလုပ်ဆောင်ချက်များကို ပြန်လည် အကဲဖြတ်ခြင်း၊ ဘေးကင်းလုံခြုံရေး အစီအစဉ်များ ပြုလုပ်ခြင်းနှင့် ဒေသခံပြည်သူတို့၏ အကျိုးခံစားခွင့် တို့ မရှိဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ မတော်မတရားမှုများကို ဆက်လက် လက်သင့်ခံမည်လား ဟူ၍ပင် ဖြစ်ပါတော့ သည်။

ကျွန်ုပ်တို့တိုင်းပြည်၏ တံခါးဝတွင် ရင်းနှီးမြှုပ်နှံသူများ ကြိတ်ကြိတ်တိုး တန်းစီနေကြပါသည်။ ကျွန်ုပ်တို့၏ အရင်းအမြစ် သယံဇာတများကို သူတို့ အလိုရှိနေကြသည်။ နောင်လာမည့် အလားတူ ဖွံ့ဖြိုးရေး စီမံကိန်းများနှင့်ပတ်သက်၍ မည်သို့ အကောင်အထည်ဖော်ပြီး မည်သို့ စီမံအုပ်ချုပ်မည်ဆိုသည်နှင့် ပတ်သက်၍ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းက စံနမူနာတစ်ရပ် ဖြစ်နိုင်ပါသည်။ ဒေသခံ လူထုအပေါ် ကာကွယ်စောင့်ရှောက်မှု ပေးရေး၊ အရင်းအမြစ်နှင့် ဝင်ငွေတို့ကို မျှတစွာ ခွဲဝေပေးရေးတို့အတွက် သဘောတူ လက်ခံနိုင်လောက်သော စံချိန် စံညွှန်းတစ်ရပ်ကို မချမှတ်ရသေးချိန်မှာ လုပ်ငန်း လုပ်ဆောင်နေမှုများကို ဆိုင်းငံ့ထားရန် ကျွန်ုပ်တို့ ဆက်လက် တောင်းဆိုနေရမည် ဖြစ်ပါသည်။


# ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု အဖွဲ့၏ လုပ်ငန်းနှင့် တာဝန်

ကျွန်ုပ်တို့၏ ယခင် အစီရင်ခံစာများက စီမံကိန်းနှင့်ဆက်နွယ်သော လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားကို အသေးစိတ် တင်ပြထားပြီး စီမံကိန်းဒဏ်သင့် ကျေးရွာများ၏ ပြဿနာများကို လည်း တင်ပြခဲ့ပါသည်။ ကျွန်ုပ်တို့၏ လေ့လာချက်များအရ တွေ့ရှိရသည်မှ ပြုပြင်ပြောင်းလဲရေး ကာလအတွင်း၌ အစိုးရနှင့် ကုမ္ပဏီပေါင်းစုံတို့သည် သယံဇာတ တူးဖော်ရေးလုပ်ငန်းများအတွက် ငြိမ်းချမ်းမှုလည်းရှိ၊ တာဝန်ခံမှုလည်းရှိသော အခြေအနေတရပ်ကို ဖန်တီးပေးခြင်းမရှိသဖြင့် ယခု ဆက်လက်ဖြစ်ပွားနေသော မတော်မတရားမှုများတွင် ၎င်းတို့၏ ပယောဂများ ပါဝင်နေကြပါသည်။


ကျွန်ုပ်တို့ကိုယ်တိုင် သော်လည်းကောင်း အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်း ကောင်း ထုတ်ဝေခဲ့သော အစီရင်ခံစာများကို အောက်တွင်ပုံဖြင့် ဖော်ပြထားပါသည်။ အစီရင်ခံစာ များကို www.shwe.org အင်တာနက် စာမျက်နာတွင် ရရှိနိုင်ပါသည်။



July 2006




September 2009




June 2010



October 2011



February 2012



June 2013



ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု အဖွဲ့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ အတွင်း ရမ်းဗြဲကျွန်း၊ ကျောက်ဖြူမြို့တွင် တရုတ် ရေနံကုမ္ပဏီ CNPC မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ်

ကျွန်ုပ်တို့သည် ဒေဝူး အင်တာနေရှင်နယ် (Daewoo International)၊ KOGAS ၊ CNPC ကိုယ်စားလှယ်များနှင့် လူချင်းတွေ့ဆုံပြီးနောက် ကျွန်ုပ်တို့ ထုတ်ဝေသောစာစောင်များကို ပေးအပ်ခဲ့သည့်အပြင် ဒေသခံပြည်သူတို့၏ အမှာစကားများကိုလည်း သိစေရန် ပါးခဲ့သည်။

ကျွန်ုပ်တို့က ကုမ္ပဏီများအနေနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပိုမိုကောင်းမွန်သောနည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပါရန်၊ ပို၍ တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန်၊ လူထုကို ပိုမိုပါဝင်ခွင့်ပေးရန် ထပ်တလဲလဲ တောင်းဆိုခဲ့သော်လည်း အစိုးရနှင့် ကုမ္ပဏီများ၏ တုံ့ပြန်မှုများက လုံးဝ စိတ်ပျက်ဖွယ်ကောင်းသည်။ တုံ့ပြန်မှုတစ်ခုမှာ ကုမ္ပဏီများ၏ လူမှုရေးအရ တာဝန်သိမှု (C၊rporate Social Responsibility- CSR)ဆိုင်ရာ စီမံကိန်းများကို ဖော်ဆောင်ပေးလာခြင်းပင် ဖြစ်ပါသည်။ သို့သော်လည်း ဤသို့ဆောင်ရွက်ချက်များသည် ဒေဝူးနှင့် CNPC ကော်ပိုရေးရှင်းကြီးများအပေါ် လူထုအမြင်ပိုကောင်းလာရန် ကြိုးပမ်းမှုမျှသာဖြစ်သည်။ ဒေသခံပြည်သူတို့တင်ပြသော တကယ့်ပြဿနာများကိုမူ ဆင်ဖော့ ရန်ရှောင်လုပ်၍ ဖယ်ရှောင်နေခဲ့ကြသည်။

ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းအနေဖြင့် လုပ်ငန်းများ အပြည့်အဝ အကောင်အထည်မပေါ်မီမှာ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးမြှုပ်နှံသော ကော်ပိုရေးရှင်းကြီးများသည် ၎င်းတို့ကြောင့် ထိခိုက်နစ်နာခံရသော ကျေးရွာ လူထု၏ အသံများကို နားထောင်ရမည့်အပြင် လက်တွေ့ကျသော ရလဒ်များကို ဖော်ပြ လုပ်ဆောင်ပေးနိုင်ကြရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်း ပြောင်းလဲမှုများကြောင့် ပြည်သူများ အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ လွတ်လပ်မှုများ ပို၍ရလာစေရန် မိမိတို့၏ ရိုးသားမှုကို ပိုမိုပြသ၍ ကူညီပံ့ပိုးပေးသင့်ပါသည်။

# ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်း အကြောင်း

ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းဆိုသည်မှာ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသို့ တင်ပို့ရေးအတွက် အထောက်အကူပြုပေးသော မြန်မာနိုင်ငံတလွှားရှိ ဖွံ့ဖြိုး တည်ဆောက်ရေးလုပ်ငန်း အများအပြားကို ခြုံငုံ၍ ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဤစီမံကိန်းအုပ်စုသည် ဘင်္ဂလားပင်လယ်အော်တွင်း ရှာဖွေတွေ့ရှိသော သဘာဝဓာတ်ငွေ့ သိုက်ကြီးများတည်ရှိရာ အနောက်ဘက် ရခိုင် ကမ်းရိုးတန်းမှနေ၍ စတင်ပါသည်။ မြန်မာ့ပင်လယ်မှာ သဘာဝဓာတ်ငွေ့ ရှာဖွေရန်နှင့် ရေအောက် ဓာတ်ငွေ့သိုက်များကို ဈေးကွက်တင်ရန်အတွက် ၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် တောင်ကိုရီးယား ဒေဝူး အင်တာနေရှင်နယ် ကုမ္ပဏီက မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း(Myanmar Oil and Gas Enterprise -MOGE)နှင့် ထုတ်လုပ်ရေး ခွဲဝေမှုစာချုပ် တစ်ခုကို ချုပ်ဆိုခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဒေဝူးက ရမ်းဗြဲကျွန်း အနီးရှိ A-1 နှင့် A-3 လုပ်ကွက်များတွင် သဘာဝဓာတ်ငွေ့ ကုဗပေပေါင်း (၄. ၅ - ၇. ၇) ထရီလျံ ကို တွေ့ရှိရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ဤလုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ ဝယ်ယူမှုကို တရုတ်ပြည်၏ ရေနံကုမ္ပဏီ CNPC က ၂၀၀၈ ခုနှစ်တွင် နားလည်မှု စာချွန်လွှာတစ်ရပ်ကို မြန်မာ့ စွမ်းအင် ဝန်ကြီးဌာနနှင့် သဘောတူ ချုပ်ဆိုခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပြည်နယ် ၂ ခု၊ တိုင်း ၂ တိုင်း တို့ကို ဖြတ်သွားကာ ပိုက်လိုင်း ၂ လိုင်း တည်ဆောက်၍ ပို့လွှတ်တင်ပို့သွားမည် ဖြစ်သည်။ ၎င်းပိုက်လိုင်း များ တည်ဆောက်ရေးအတွက် ၂၀၀၉ ခုနှစ်တွင် အခြားသော နားလည်မှုစာချွန်လွှာကို ချုပ်ဆိုခဲ့ပြန်သည်။ ပိုက်လိုင်းများသည် လူမျိုးရေးတင်းမာမှုများ ရှိနေသော၊ ပဋိပက္ခ ပြင်းထန်သော နယ်မြေများကို ဖြတ်သန်းသွားမည် ဖြစ်ရာ အချို့သော တင်းမာမှုများသည် အတိအလင်း စစ်ပွဲ၊ လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားရသည့် အဆင့်သို့ ရောက်ရှိခဲ့သည်။ ပိုက်လိုင်းများ တလျှောက်တွင် မြန်မာစစ်တပ်နှင့် သီးခြား ရပ်တည်နေကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၄ ဖွဲ့တို့အကြား တိုက်ပွဲအများအပြား ဖြစ်ပွားနေလျက် ရှိသည်။ ထို့အပြင် ၂၀၁၃ ခုနှစ် မေလက CNPC ၏ တဆင့်ခံ ကန်ထရိုက် ကုမ္ပဏီတစ်ခုမှ ဝန်ထမ်း ၂ ဦးတို့သည် ရှမ်းပြည်တောင်ပိုင်းရှိ စီမံကိန်းနေရာ တစ်နေရာတွင် သေနတ်ထိမှန် သေဆုံးခဲ့သည်။

သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် လုပ်ငန်း စတင်လည်ပတ်နေပြီး မကြာမီ ရေနံပိုက်လိုင်းလည်း ပြီးတော့မည်။ တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၂ ဘီလျံနှင့် ခန့်မှန်းခြေ ရေနံစိမ်း တန်ချိန် ၂၂ သန်းတို့ကို တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးနိုင်မည်ဟု CNPC က ကြေညာခဲ့သည်။

ပိုက်လိုင်းတစ်ခုစီမှနေ၍ နှစ်စဉ် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၉၀၀ ဝင်မည်ဖြစ်ပြီး[၂] စီမံကိန်းမှနေ၍ မြန်မာအစိုးရအတွက် နှစ်စဉ်ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁. ၈ ဘီလျံခန့် ရရှိမည်ဖြစ်သည်။ လုပ်ငန်းလည်ပတ်မှုနှစ် ၃၀ ကာလမှာ စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၄ ဘီလျံ ရရှိမည်ဖြစ်သည်။ ဤဝင်ငွေအပြင် ရေနံစိမ်းမှနေ၍လည်း တန်ဖိုးဖြည့်စွက်အခွန် (value added tax) ငွေ ၁၆ ရာခိုင်နှုန်း ကိုလည်း ရရှိဦးမည်ဖြစ်သည်။ ထုတ်လုပ်သော လောင်စာနှင့် ရရှိရန် ခန့်မှန်းတွက်ချက်ထားသော ဝင်ငွေ (projected income)တို့ကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးတိုင်းပြည် တစ်ခု (၁၉၈၉ ခုနှစ်ကစ၍ မြန်မာနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂက ဖွံ့ဖြိုးမှုအနည်းဆုံး တိုင်းပြည်စာရင်းထဲ ထည့်သွင်းခဲ့သည်)[၃] အဖြစ်မှနေ၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း အလွန်မြင့်သော တိုင်းပြည်တစ်ခု အဖြစ်သို့ပင် ပြောင်းလဲသွားရန် အလားအလာများ ရှိနေပါသည်။ သို့သော်လည်း ဆိုးရွားသည်မှာ ဆင်းရဲမွဲတေမှု မျဉ်းအောက် နေထိုင်နေကြရသော အာဏာမဲ့ ပြည်သူများ မသိစေရန် ဝင်ငွေနှင့် စွမ်းအင်တို့ကို ခိုးဝှက် ယူငင်နေကြခြင်းပင် ဖြစ်သည်။

**ကမ်းလွန် သဘာဝဓာတ်ငွေ့ တူးဖော်ခြင်းနှင့် ရောင်းချခြင်းတွင် ပါဝင်သော ကုမ္ပဏီများ**

ဒေဝူး အင်တာနေရှင်နယ် Daewoo International, South Korea - 51%
အိန္ဒိယ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကော်ပိုရေးရှင်း Oil and Natural Gas Corporation (ONGE), India - 17%
မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) - 15%
ကိုရီးယား ဓာတ်ငွေ့ ကော်ပိုရေးရှင်း Korean Gas Corporation (KOGAS), South Korea - 8.5%
အိန္ဒိယ ဓာတ်ငွေ့ထုတ်လုပ်ရေး အာဏာပိုင်အဖွဲ့ လီမိတက် Gas Authority of India Limited, India - 8.5%

**မြန်မာ-တရုတ် ပိုက်လိုင်း ဆောက်လုပ်ရေးတွင် ပါဝင်သော ကုမ္ပဏီများ**

ဟောင်ကောင်တွင် မှတ်ပုံတင်ထားသော - အရှေ့တောင်အာရှ ရေနံပိုက်လိုင်း ကုမ္ပဏီ လီမိတက်/ အရှေ့တောင်အာရှ ဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီ လီမိတက် (Southeast Asia Oil Pipeline Company Limited/Southeast Asia Gas Pipeline Company Limited) (SEAGP/ SEAOP) - CNPC holds 40.1%




နိုင်ငံခြား တဆင့်ခံ ကန်ထရိုက်များ - Punj Lloyd, Paramey

ပြည်တွင်း တဆင့်ခံ ကန်ထရိုက်များ - Myanmar Golden Crown ၊ IGE Group ၊ Myint and Associates နှင့် Asia World *

တစ်ဦးတည်း ဝယ်ယူခွင့်- PetroChina (၎င်းသည် China National Petroleum Company (CNPC-China)၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည်။)

** IGE ၊ Myint and Associates နှင့် Asia World တို့သည် အမေရိကန် ပြည်ထောင်စု ဘဏ္ဍာရေး ဝန်ကြီးဌာန ၏ နာမည်ပျက် စာရင်းဝင် ကုမ္ပဏီများ ဖြစ်ကြသည်။*

ဤကိုရီးယားဒေဝူး ကုမ္ပဏီဂန်ထမ်းက ကျွန်ုပ်တို့၏ သုတေသီများအား ခြိမ်းခြောက်ပြီး ဓာတ်ပုံမရိုက်ရန်နှင့် လုပ်ငန်းခွင် နေရာမှ ထွက်သွားရန် ပြောခဲ့သည်။
ရမ်းဗြဲကျွန်း သဘာဝဓာတ်ငွေ့ သိုလှောင်ဌာန၊ ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်။

# WHERE

အထူးစီးပွားရေးဇုန် တစ်ခုကို ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မဒေးကျွန်းနှင့် ရမ်းဗြဲကျွန်းများပေါ်တွင် တည်ဆောက်လျက် ရှိသည်။ ကျောက်ဖြူသည် ရခိုင် ကမ်းရိုးတန်း၏ ခါးလယ်၊ ဘင်္ဂလားပင်လယ်အော် ကမ်းလွန်တွင် တည်ရှိသည်။ ကမ်းလွန် သဘာဝဓာတ်ငွေ့ တူးစင်များကို ဘင်္ဂလား ပင်လယ်အော်ထဲတွင် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။ ကမ်းခြေမှ ကီလိုမီတာ ၁၀၀ ခန့်အကွာဝေးတွင် တည်ရှိသည်။

သဘာဝဓာတ်ငွေ့ကို ရေအောက်ပိုက်လိုင်းဖြင့် ရမ်းဗြဲကျွန်း၊ ကျောက်ဖြူမြို့ရှိ ကုန်းတွင်း သဘာဝဓာတ်ငွေ့ သိုလှောင်ရုံသို့ တင်ပို့မည်ဖြစ်ပြီး ထိုမှတဖန် ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့ကို ဖြတ်သွားသော ကုန်းတွင်းပိုက်လိုင်းသို့ လွှဲပြောင်းပေးမည်။ ဤသို့ဖြင့် မြို့နယ်ပေါင်း ၂၂ မြို့နယ်ကို တိုက်ရိုက် ထိခိုက်စေမည်ဖြစ်သည် (အချပ်ပို ၁ ကိုကြည့်ပါ)။ ရေနံပိုက်လိုင်းနှင့် နိုင်ငံဖြတ်ကျော် မီးရထားလမ်းတို့ကို ဓာတ်ငွေ့ပိုက်လိုင်းနှင့် ပြိုင်လျက် ဘေးတစ်ဖက်တစ်ချက်တွင် တည်ဆောက်ကြမည်ဖြစ်သည်။

ရေနံပိုက်လိုင်းသည် ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဆုံးမည်ဖြစ်ပြီး ဓာတ်ငွေ့ကိုမူ ဂွမ်ရှီ (Guanxi)ပြည်နယ် နန်နင်းမြို့သို့ အရောက်ပို့ဆောင်မည် ဖြစ်သည်။

ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်း၏ အရွယ်အစားနှင့် တည်နေရာတို့သည် မဟာဗျူဟာမြောက်ကာ မြန်မာနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းမှနေ၍ တရုတ်ပြည်အထိ တိုးလျှိုပေါက် လမ်းကြောင်းတစ်ကြောင်းကို ပေါ်ထွန်းလာစေမည် ဖြစ်သည်။ ဤစီမံကိန်းက လမ်းကြောင်းတစ်လျှောက်တွင် အခြားစီမံကိန်းများ အစီအရီ ထပ်မံ ပေါ်ထွက်လာစေခဲ့ကြောင်းကို ကျွန်ုပ်တို့ သိထားပြီးဖြစ်ပါသည်။ အစက ပိုက်တစ်လိုင်း၊ နောက်တော့ ပိုက်လိုင်း ၂ လိုင်း ဖြစ်လာခဲ့သည်။ အမြန် မီးရထားလမ်း တစ်လမ်း၊ အထူးစီးပွားရေးဇုန် တစ်ခု၊ သည့်နောက်တွင် မြန်မာတရုတ် နယ်စပ်ရှိ မူဆယ်မြို့၌ နောက်ထပ် စီးပွားရေးဇုန် တစ်ခုလည်း ပေါ်ပေါက်လာဖွယ် ရှိသည်။

စီမံကိန်း လုပ်ဆောင်သော နယ်မြေများ၌ မြေသိမ်းမှုများ၊ အလုပ်သမား အခွင့်အရေးများနှင့် ပတ်သက်၍ ပြဿနာများ ရှိနေခဲ့သည်။ အချို့နယ်မြေများ၌ ပိုက်လိုင်းကို စစ်မက်ဖြစ်ပွားရာ ဇုန်နယ်မြေများထဲမှာ ချထား မိလျက်သား ဖြစ်နေသည်။



တရုတ်နိုင်ငံ၊ နန်နင်းမြို့သို့ ပိုက်လိုင်းလမ်းကြောင်း



ကျောက်ဖြူနယ်မြေကို အသေးစိတ်ဖော်ပြထားပုံ

၂၀၀၀ ပြည့်နှစ် ဩဂုတ်လတွင် ဒေဝူး အင်တာနေရှင်နယ် ကုမ္ပဏီက ဘင်္ဂလား ပင်လယ်အော်ထဲတွင် ရှာဖွေရေး လုပ်ငန်းကို စတင်ခဲ့သည်။ ကမ်းလွန်အကွက် ၂ ကွက်တွင် ရောမ ဓာတ်ငွေ့သိုက်ကြီးကို တွေ့ရှိသည်ဟူသော ၂၀၀၄ ခုနှစ် ကြေညာချက် ထွက်အပြီးတွင် တရုတ်အမျိုးသားရေနံ ကော်ပိုရေးရှင်း(CNPC)က မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE)နှင့် နားလည်မှုစာချွန်လွှာ တစ်ရပ်ကို လက်မှတ်ရေးထိုးကာ ဝယ်ယူခွင့်နှင့် ပို့ဆောင်ခွင့်တို့ကို စာချုပ် ချုပ်ဆိုခဲ့သည်။

၂၀၀၉ ခုနှစ်တွင် CNPC သည် မြန်မာနိုင်ငံ စွမ်းအင် ဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကာ ပိုက်လိုင်း ၂ လိုင်းနှင့် မဒေးကျွန်းတွင် ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံအား ခွင့်ပြုသော စာချုပ်တစ်ခုကို ချုပ်ဆိုခဲ့သည်။

ဆောက်လုပ်ရေး လုပ်ငန်းကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည်။

နောင် ၂ နှစ်အကြာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်လုပ်ဆောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်း (ထိုရွေးကောက်ပွဲသည် အတုအယောင်ဖြစ်သည်ဟု အတိုက်အခံပါတီများ၊ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် အခွင့်အရေး လှုပ်ရှားသူအုပ်စုများ စသည်တို့က ရှုမြင်ကြသည်)၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က နိုင်ငံကို ဦးဆောင်နေသူအဖြစ်မှ နုတ်ထွက်သွားခြင်းနှင့်တပြိုင်နက် အမည်ခံ အရပ်သား အစိုးရတစ်ရပ်လည်း ပေါ်ပေါက်လာ ခဲ့သည်။

လွှတ်တော်တွင် ဥပဒေပြုပြင်ပြောင်းလဲမှုများကို တရိုန်ထိုး လုပ်ခဲ့သည်။ လယ်ယာမြေ လုပ်ကိုင်ခွင့် ဥပဒေသစ်၊ အထူးစီးပွားရေးဇုန် ဥပဒေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်တို့ အပါအဝင် အခြားသော ဥပဒေအများကို ပြင်ဆင်ပြဌာန်း ခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် CNPC က ပိုက်လိုင်း တည်ဆောက်မှုစတင်ခြင်း အထိမ်းအမှတ် အဖြစ် နယ်စပ် တရုတ်နိုင်ငံဘက်ခြမ်းတွင် ခြိမ့်ခြိမ့်သဲ အခမ်းအနားကြီးတစ်ခု ကျင်းပခဲ့သည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စီမံကိန်းမန်နေဂျာ ဂေါင်ဂျန်းဂို(Gao Jiangao)က ၂၀၁၃ ခုနှစ် မေလအကုန်တွင် ပိုက်လိုင်း ပြီးစီးပြီး တစ်စိတ်တစ်ဒေသအားဖြင့် လည်ပတ်နိုင်မည်ဟု ကြေညာခဲ့သည်။[၄] ထိုအချိန်၌ ရွှေသဘာဝဓာတ်ငွေ့ လှုပ်ရှားမှု(SGM)က ဤသို့ မဖြစ်နိုင်ကြောင်း၊ ထိုအဆိုမှားသည်ကို တွေ့ရှိရကြောင်း ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဆင်ဟွာသတင်းက "မြန်မာနိုင်ငံ ဒု သမ္မတ ဦးညဏ်ထွန်း၊ စွမ်းအင် ဝန်ကြီး ဦးသန်းဌေးနှင့် ဦးဇေယျာအောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး ယန်ဟိုလန်(Yang Houlan)နှင့် တောင် ကိုရီးယား ကိုယ်စားလှယ်တို့က စက်ခလုတ်ကို ပူးတွဲနှိပ်၍ ဖွင့်လှစ်ခဲ့ကြသည်"ဟု ဖော်ပြခဲ့သည်။[၅]

မြန်မာနိုင်ငံက ရင်းနှီးမြှုပ်နှံမှုများအတွက် လမ်းဖွင့်ပေးလိုက်သဖြင့် အသစ်ဖွင့်လှစ်သော လစ်ဘရယ် စီးပွားရေးအခင်း အကျင်းတွင် သယံဇာတ တူးဖော်ရေးလုပ်ငန်းများက အဓိက နေရာယူလျက် ဝင်ရောက်လာကြသည်။ စွမ်းအင်/သတ္တုတူးဖော်ရေး ကဏ္ဍသည် မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP)တွင် တန်ဖိုးအများဆုံး ပါဝင်နေသော ကဏ္ဍဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဤကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈ ဘီလျံရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၁ ဘီလျံသို့ ရောက်မည့် အလားအလာရှိသည်။[၆]

မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့နှင့် ရေနံလုပ်ကွက် ၁၀၁ ကွက် ရှိသည့်အနက် ၃၇ ကွက်ကို နိုင်ငံခြားကုမ္ပဏီများက လုပ်ကိုင်လျက်ရှိပြီး နောက်ထပ် ကမ်းလွန် လုပ်ကွက် ၃၀ ကို လေလံခေါ်ထားသည်။[၇]

WHEN

# အထူးစီးပွားရေးဇုန် (SEZ)ဆိုသည်မှာ အဘယ်နည်း။

အထူးစီးပွားရေးဇုန်ဆိုသည်မှာ တစ်နိုင်ငံလုံးမှာ ကျင့်သုံးနေသော ဥပဒေနှင့်မတူဘဲ တစ်မူထူးခြားသော ဘဏ္ဍာရေး ဥပဒေ များဖြင့် သီးခြားကင်းလွတ်ခွင့်များရှိသော သတ်မှတ်ထားသည့် နယ်မြေပင် ဖြစ်သည်။ အထူးစီးပွားရေးဇုန်၏ ထူးခြားချက်ကား အခွန်လွတ်ငြိမ်းခွင့်ရခြင်းနှင့် သွင်းကုန်၊ ပို့ကုန် စည်းမျဉ်းစည်းကမ်းများ လျှော့ပေါ့ထားခြင်းတို့ဖြစ်ပြီး အကြီးစား နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို အခွင့်ထူးပေးထားခြင်းဟုလည်း ဆိုနိုင်သည်။

၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သော စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရုတ်ပြည်မှာ ပထမဦးဆုံးသော အထူးစီးပွားရေးဇုန်များကို တည်ထောင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အပြီး အိန္ဒိယနိုင်ငံမှာ ပေါ်ပေါက်ခဲ့သော ပို့ကုန် ထုတ်လုပ်ရေးဇုန်များ (Export Processing Zones-EPZs)ကို အားကျပြီး တရုတ်ပြည်က ၁၉၈၀ တွင် အထူးစီးပွားရေးဇုန် ဥပဒေကို ပြဋ္ဌာန်းကာ ရှင်ဇင်း(Shenzen) ဒေသကဲ့သို့သော ဒေသများတွင် အကြီးဆုံး ဇုန်ကြီး အပါအဝင် စီးပွားရေးဇုန် ၄ ဇုန်ကို သတ်မှတ်တည်ထောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် တရုတ်ပြည်သို့ အလည်အပတ်ခရီး လာရောက်ရာတွင် မြန်မာနိုင်ငံ၏ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ရှင်ဇင်းမြို့ရှိ အထူးစီးပွားရေးဇုန်သို့ သွားရောက်ခဲ့သည်။ တိုင်းပြည်သို့ ပြန်ရောက်သောအခါ၌ အလားတူဇုန်များ အတိုင်း လုပ်ဆောင်နိုင်ရန် ထားဝယ် ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်း ကဲ့သို့သော ဖော်ဆောင်နေဆဲ စီမံကိန်းများအတွက် ဥပဒေ ရေးဆွဲစေခဲ့သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၏ လွှတ်တော်က အထူးစီးပွားရေးဇုန် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤ ဥပဒေအရ အထူးစီးပွားရေးဇုန်များကို တည်ထောင်ခွင့်ပေးထားပြီး တည်ထောင်ရေးနှင့် ပတ်သက်သော ကျင့်ဝတ်စည်းကမ်းများကို ချမှတ်ပေးထားသည်။ တည်ထောင်မည့်ဇုန်အသီးသီးမှာ ကိုယ်ပိုင်သီးခြား ဥပဒေများ ရှိမည်ဖြစ်ပြီး ဤဥပဒေများကိုလည်း လွှတ်တော်က ပြဋ္ဌာန်းပေးမည်ဖြစ်သည်။ ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေသည် ယနေ့အချိန်တွင် ပထမဦးဆုံးသော အထူးစီးပွားရေးဇုန် ဥပဒေဖြစ်ပြီး တည်ဆောက်မည့် အခြား အထူးစီးပွားရေးဇုန်များမှာ ဥပဒေကျင့်သုံးရေးနှင့်ပတ်သက်၍ စံနမူနာတစ်ရပ် ဖြစ်လာနိုင်သည်။



တရုတ်ပြည်၏ အထူးစီးပွားရေးဇုန်များသည် အမှန်အားဖြင့် ဥပဒေအရ စမ်းသပ်ဆဲ ဖြစ်သည်။ မကြာခဏ ဥပဒေပြောင်းလဲမှုများရှိပြီး အပြင်းအထန်ဝေဖန်ခံနေရသည်။ Asia in Exteso အမည်ရှိ ဥပဒေဂျာနယ်တွင် တိုကျိုတက္ကသိုလ်မှ တာဆူယူကီ အိုတာ(Tasuyuki Ota) က တရုတ်ပြည်၏ အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ ဤသို့ ပြင်းပြင်းထန်ထန် ဝေဖန်သုံးသပ်ထားသည်။

“ဤစမ်းသပ် ကာလအတွင်း အထူးစီးပွားရေးဇုန်များ၏ အခြေအနေသည် တရုတ် မူဝါဒရေးဆွဲသူများအဖို့ စိတ်ပျက်စရာ ဖြစ်ခဲ့သည်။ အထူး စီးပွားရေးဇုန်များမှနေ၍ ပို့ကုန်ဦးတည်သော၊ နိုင်ငံခြားအရင်းအနှီး စိုက်ထုတ်သော စက်မှုအခြေခံကို မတည်ဆောက်နိုင်ခဲ့ချေ။ ဤသို့ဖြင့် “ပင်လယ်ဆိပ်ကမ်းမြို့စီးပွားရေး”သည် နိုင်ငံခြားငွေရရှိရေး၊ နည်းပညာလွှဲပြောင်းယူရေး တို့တွင် ကျေနပ်လောက်ဖွယ် အောင်မြင်မှု မရခဲ့ချေ။ အထူး စီးပွားရေးဇုန်များသည် လက်ခံနိုင်ဖွယ် ရှိ မရှိ၊ ရေရှည်တည်တံ့နိုင်ခြင်း ရှိ မရှိ ဆိုသည်နှင့် ပတ်သက်၍ ငြင်းခုန်ဆွေးနွေးမှုများ ရှိနေပါသည်”

“အကျင့်ပျက် ခြစားခြင်း၊ တရားမဝင်ကုန်သွယ်ခြင်းနှင့် မှောင်ခိုကုန်ကူးခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ အလုပ်သမားများ သပိတ်မှောက်ခြင်း ကဲ့သို့သော လူမှုရေးနှင့် စီးပွားရေးပြဿနာများသည် တိုး၍ တိုး၍ ဖြစ်ပွားနေလျက်ရှိခြင်းကြောင့် အထူးစီးပွားရေးဇုန် များ၏ အခန်းကဏ္ဍ ရှိသင့်သည်ဆိုသည်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပွားနေပါသည်။ ပြင်းထန်သော အတိုက်အခံပြုသူများက အထူးစီးပွားရေးဇုန်များနှင့် ၎င်းတို့နှင့် သက်ဆိုင်သော မူဝါဒများကို ကန့်ကွက် ရှုတ်ချကြသည်။”[၈]

ကျောက်ဖြူ အထူးစီးပွားရေးဇုန်အတွက် တရုတ်ပြည်၏ CITIC Group နှင့် ဂျပန်နိုင်ငံ၏ Nippon Kel Co. တို့အပါအဝင် ကုမ္ပဏီစုအများ အပြားက ကမ်းလှမ်းထားသည်။ သို့ရာတွင် အိတ်ဖွင့် တင်ဒါအတွက် ကျောက်ဖြူ အထူးစီးပွားရေးဇုန် ဥပဒေ ထွက်လာသည်အထိ စောင့် ဆိုင်းကြရမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် မေလတွင် CITIC ကုမ္ပဏီက ကမကထ ပြု လုပ်ခဲ့သော ဖြစ်နိုင်ခြေ လေ့လာချက်တစ်စောင်မှာ အထူး စီးပွားရေးဇုန်အတွက် မြေအကျယ်အဝန်း ၃၅၀ စတုရန်း ကီလိုမီတာ နှင့် ကနဦး ရင်းနှီးမြှုပ်နှံမှု ငွေပမာဏ မေရိကန်ဒေါ်လာ ၁.၄ ဘီလျံ လိုအပ် သည်ဟု ဖော်ပြထားသည်။[၉] CITIC ၏ အစီအစဉ်အတော်များများတွင် ညစ်ညမ်းမှု အလွန်ဖြစ်စေသော ရေနံဓာတုလုပ်ငန်းများ ပါရှိသည်။



ရမ်းဗြဲကျွန်းရှိ ကုန်းတွင်း ဓာတ်ငွေ့သိုလှောင်ရုံ (OGT)၊ ဖေဖော်ဝါရီလ၊ ၂၀၁၃-ခုနှစ်။

# အနှစ်မပါသော ကတိစကားများ

ရွှေ ကုမ္ပဏီ အုပ်စုသည် ကုမ္ပဏီ၏ တာဝန်ယူမှုနှင့် ပတ်သက်၍ ကတိပေးထားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း ၎င်းတို့ ရိုးသားမှုရှိကြောင်း အထောက်အထား မတွေ့ရချေ။ ပြင်ပသို့ တစ်စွန်းတစ်စ ပေါက်ကြား၍ ထွက်ရှိလာသော လူမှုဘဝ ထိခိုက်မှုဆိုင်ရာ အကဲဖြတ် စိစစ်မှု(SIA)ထဲတွင် CNPC အား ကမ္ဘာ့ဘဏ် အဖွဲ့ဝင်ဖြစ်သော ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ တစ်ခုဖြစ်သည့် International Finance Corporation (နိုင်ငံတကာ ငွေကြေး ကော်ပိုရေးရှင်း) က ပြုစုထားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ရေရှည် အကျိုးအတွက် လုပ်ငန်းစွမ်းဆောင်ချက် စံချိန်စံညွှန်းများ (Performance Standards on Environmental and Social Sustainability) အတိုင်း လိုက်နာရန် အကြံပြုခဲ့သည်။[၁၀] ဤစံချိန်စံညွှန်းတွင် အောက်ပါ ကျင့်ဝတ်စည်းကမ်း (၈) ခု ပါရှိသည်။

**သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုဆိုင်ရာ အကဲဖြတ်ချက်** - မူဝါဒများ၊ ထိခိုက် သက်ရောက်မှုစာရင်း၊ ကြိုတင်ပြင်ဆင်မှု အစီအစဉ်၊ သက်ဆိုင် ပတ်သက်သူများ၏ ပါဝင်မှု၊ စောင့်ကြည့်ရေး လုပ်ထုံးလုပ်နည်းတို့ ပါဝင်သော အစီရင်ခံစာ တစ်စောင် ရေးသားပြုစုရမည်။[၁၁]

**အလုပ်နှင့် လုပ်ငန်းခွင် အခြေအနေ** - အလုပ်ရှင်က နစ်နာမှုတိုင်တန်းရေး လုပ်ထုံးလုပ်နည်းတစ်ရပ်ကို စီစဉ်ပေးထားရမည်။[၁၂]

**အရင်းအမြစ်များ အလေအလွင့် မရှိရေးနှင့် ညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေး** - ကမ္ဘာ့ဘဏ်၏ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး လမ်းညွှန်ချက်များ (World Bank Environmental, Health and Safety Guidelines-EHS)ကဲ့သို့သော နိုင်ငံတကာ အသိအမှတ်ပြု စံချိန်စံညွှန်းများနှင့် အညီ ကောင်းမွန်သော နိုင်ငံတကာ လုပ်ငန်း အလေ့အကျင့်များရှိရမည်။[၁၃]

**ရပ်ရွာ၊ ကျန်းမာရေး၊ ဘေးကင်းရေးနှင့် လုံခြုံရေး** - EHS သို့မဟုတ် အခြား နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများ အတိုင်း လိုက်နာဆောင်ရွက်ရမည်။ ထိုပြဌာန်းထားသော စံချိန်စံညွှန်းများသည် "ပင်္ငလယ သို့မဟုတ် ပင်္ငလယ်လွန် နယ်မြေဒေသများတွင် အန္တရာယ်ဖြစ်နိုင်သော အလားအလာများနှင့် ရိုက်ခတ်မှုများသည် ပို၍ ကြီးလာနိုင်သည်။ ထို့ကြောင့် အတင်းအဓမ္မ မသုံးသင့်ပေ။ ပင်္ငလယ ဆက်လက်ဖြစ်ပွားနိုင်သောကြောင့် ဖြစ်သည်။"[၁၄]

**မြေသိမ်းခြင်းနှင့် အတင်းအဓမ္မနေရာ ရွှေ့ပြောင်းခိုင်းခြင်း** - "ထိခိုက် နစ်နာမှုများအတွက် အလျော်ပေးခြင်း စံချိန်စံညွှန်း များသည် ပွင့်လင်းမြင်သာမှု ရှိရမည့်အပြင် နေရာရွှေ့ပြောင်းရမှုကြောင့် ထိခိုက်နစ်နာသော ကျေးရွာများအားလုံး၊ လူအားလုံးအတွက် တစ်ညီတညွတ်တည်းဖြစ်ရမည်။ "ထို့အပြင် နစ်နာမှုတိုင်တန်းရေး လုပ်ထုံးလုပ်နည်းများကို လုပ်ငန်းရှင်က ချမှတ် ပေးထားရမည်။ ဘက်လိုက်မှုကင်းစွာ ဖြေရှင်းရှင်းရေး လုပ်ထုံးလုပ်နည်း အပါအဝင်ဖြစ်သည်။[၁၅]

**ဇီဝမျိုးများ စုံလင်ထွေပြားမှုကို ထိန်းသိမ်းခြင်းနှင့် သက်ရှိ သဘာဝအရင်းအမြစ်များကို ရေရှည် စီမံအုပ်ချုပ်ခြင်း** - စီမံကိန်း သက်တမ်းတစ်လျှောက်လုံးမှာ သင့်လျော်သော ဒေသခံ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် စောင့်ကြည့်မှုများ လုပ်ဆောင်သွားရမည်။[၁၆]


**ဌာနေတိုင်းရင်းသားများ** - သတင်း အချက်အလက်များ လွတ်လပ်စွာ ကြိုတင် သိရှိခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် (Free, Prior and Informed Consent)ကို ရယူရမည်။ ထို့ကြောင့် အလုပ်ရှင်သည် ယဉ်ကျေးမှုအရ သင့်လျော်သော နည်းလမ်းဖြင့် အစီအစဉ်ရေးဆွဲခြင်း၊ သတင်းအချက်အလက်များ ချပြခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ လူအများပါဝင်စေခြင်းတို့အတွက် တာဝန်ရှိသည်။[၁၇]

**ယဉ်ကျေးမှု အမွေအနှစ်များ** - တတ်သိနားလည်သော ပညာရှင်များ၏ အကူအညီဖြင့် ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ပေးရမည်။[၁၈]

CNPC သည် အကြံပြုချက်များကို လျစ်လျူရှုခဲ့ပြီး အများသိကြေညာကာ ဖြေရှင်းပေးခြင်း မရှိခဲ့ချေ။

**ကျေးရွာများက ဤမှုများနှင့်ပတ်သက်၍ ဖော်ဆောင်ရေး အစီအစဉ်များကို အများသိ ထုတ်ပြန်ခြင်း၊ တာဝန်ခံမှု အစီရင်ခံစာများကို ပြုစုခြင်းအားဖြင့် CNPC ၏ အလေးထားဆောင်ရွက်မှုကို မြင်တွေ့လိုကြသည်။**

၂၀၀၇ ခုနှစ်တွင် ဒေဝူးကုမ္ပဏီက ကုမ္ပဏီ၏ အသစ်ရေးဆွဲထားသော "ကျင့်ဝတ်စည်းကမ်းများ"[၁၉] အကြောင်း အသေးစိတ်ဖော်ပြထားသည့် ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ တချို့ကိစ္စများတွင် သူတို့ကိုယ်တိုင်က "ကျင့်ဝတ်"ချိုးဖောက်ခြင်းကိုပင်လျှင် တာဝန်ယူခြင်းမရှိ၊ ကိုယ်သတ်မှတ်ထားသော စံချိန်စံညွှန်း ပြည့်မီရန် မလုပ်ဘဲနေသည်ကို အထင်အရှားတွေ့ရသည်။ ပြဿနာများကို ပို၍ ရှုပ်ထွေးစေသည်မှာ စီမံကိန်းကြောင့် ပေါ်ပေါက်လာသော အဓိက ပြဿနာကြီးများ (ပြည်တွင်းစစ်ကို ပိုဆိုးစေခြင်း)ကို ကျင့်ဝတ်ဖြင့် မဖြေရှင်းနိုင်ခြင်းပင်ဖြစ်သည်။ ဒေဝူး၏ ကျင့်ဝတ်နှင့် တကယ့် လက်တွေ့တို့၏ ကွာခြားချက်မှာ ကာကွယ်စောင့်ရှောက်ပေးရေးနှင့် ပြန်လည်ကုစားရေး လုပ်ထုံးလုပ်နည်းများကို ကျကျနန ကျင့်သုံးခြင်းအားဖြင့် အပြောနှင့် အလုပ်ကိုက်ညီရန် လုပ်ဆောင်ရမည်ဟူ၍ ဖြစ်ပါသည်။




နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)စသည်တို့၏ စံချိန်စံညွှန်း များကို တိကျစွာ လိုက်နာရမည်ဟု ကျင့်ဝတ်က ဆိုထားပြီး အောက်ပါအချက်များ အပါအဝင် အဓိကတာဝန်များနှင့် ပြဋ္ဌာန်းချက် ၃၄ ချက်ကို ဖော်ပြထားသည်။

"ကလေး အလုပ်သမား ပပျောက်ရေး နှင့် အဓမ္မ လုပ်အားပေး ခိုင်းစေမှု မှန်သမျှ ချုပ်ငြိမ်းရေးတို့ကို အကျိုးပြုခြင်း"

"အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အကျိုးပြုခြင်းနှင့် ဒေသခံကျေးရွာများ၏ အထွေထွေ ကောင်းကျိုးချမ်းသာကို အကျိုးပြုခြင်း"

အောက်ပါ စာမျက်နှာများသည် ဒေဝူးနှင့် လက်အောက်ခံကုမ္ပဏီများ၏ ကတိကဝတ် ပျက်ကွက်မှုများကို ဖော်ပြထားပါ သည်။


စီမံကိန်း စကတည်းကပင် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်တွင် မြေသိမ်းမှုများကို ကြားသိရသည်။ စီမံကိန်း တည်ဆောက်ရန် စီစဉ်သည်နှင့်တပြိုင်နက် မြေများကို စစ်တပ်က စတင်သိမ်းယူခဲ့သည်။ မြေများကို လက်ဝေခံ (crony)စီးပွားရေးလုပ်ငန်းရှင်များနှင့် စစ်အရာရှိကြီးများ၏ ဆွေမျိုးများသို့ လက်ဆောင်ပေးပြီးနောက် ကျန်မြေများ ကို ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများသို့ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခဲ့သည်။

လယ်ယာစိုက်ပျိုးမြေများကို မတရား သိမ်းယူနေဆဲပင်ရှိသည်။ မြေယာချထားမှု ဥပဒေသစ်အရဆိုလျှင် သိမ်းယူ ထားသူများ၏ အမည်ပေါက်နေမှုကို အကာအကွယ်ပေးထားသည်။ အတင်းအဓမ္မ"မြေလုယူမှုများ"ပြဿနာ ကို လူအများ အာရုံစိုက်နေကြသဖြင့် လုယူသူများက ထိုပြဿနာနှင့်ပတ်သက်၍ သတိကြီးကြီးထားပြီး ကိုင်တွယ် ဖြေရှင်းနေကြောင်း တွေ့ရှိရသည်။ သို့ရာတွင် လျော်ကြေးနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များကား အခြေခံ ကျကျပင် ဟာကွက်များရှိနေပြီး ပြန်လည်ကုစားရေး လုပ်ထုံး လုပ်နည်းများကလည်း မလုံလောက်ချေ။



ရွှေ သဘာဝဓာတ်ငွေ့ လုပ်ရှားမှု (SGM)နှင့် နိုင်ငံတကာ မြေကမ္ဘာဆိုင်ရာ အခွင့်အရေးအဖွဲ့ Earth Rights International (ERI)တို့၏ မေတ္တာရပ်ခံချက်အရ ဒေပူးအင်တာနေရှင်နယ်က ၂၀၁၃ ခုနှစ် ဧပြီလတွင် မြေသိမ်းယူမှု အကျဉ်းချုပ် အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ကျောက်ဖြူနယ်မြေအတွင်းရှိ OGT နှင့် ပိုက်လိုင်း လမ်းကြောင်းအတွက် သိမ်းယူခဲ့သော မြေအကျယ်အဝန်း စုစုပေါင်းသည် ၉၂ ဧက ဖြစ်လိမ့်မည်ဟု အစီရင်ခံစာမှာ ဖော်ပြထားသည်။[၂၀] သို့ရာတွင် စီမံကိန်း၏ ကြိုတင်မမြင်ရသော ဘေးထွက်ဆိုးကျိုးများကြောင့် ဆုံးရှုံး သို့မဟုတ် ပျက်စီးခဲ့သော မြေသည် သည့်ထက်ပို၍ များကြောင်း ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းခဲ့သူများက ပြောပြခဲ့ကြသည်။

ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းခဲ့သော ကျေးရွာသားများ၏ တစ်သံတည်းသော မကျေမနပ် ပြောပြသည်များမှာ ရောင်း လိုက်သော မြေအကျယ်အဝန်း၏ ၂ ဆရှိသော မြေကိုယူသည်။ ထရပ်ကားများကြောင့်အပြင်၊ ပိုက်လိုင်း ချရာ၌ တူးထုတ် လိုက်သော မြေများကြောင့် ပျက်စီးသွားသော မြေများက ပို၍ပင် များနေသေးသည်။ ထို့အပြင် လွန် ခဲ့သောနှစ်က မိုးရာသီမှာ ရေကြီးရာ၌ စက်များက ထုတ်လွှတ်သော ဘိလပ်မြေကဲ့သို့ စွန့်ပစ်ပစ္စည်း အရာများ၏ ဖုံးအုပ်ခြင်းကြောင့် လယ်မြေများသည် ဘယ်တော့မှ စိုက်ပျိုး၍ မရတော့လောက်အောင် ပျက်စီးသွားခဲ့ရသည်။



*"ကျနော်တို့မလုပ်ရင်(စာချုပ်မှာ လက်မှတ်မထိုးရင်) ဘာမှ မရလိုက်မှာ စိုးတယ်"*

နေရာရွှေ့ပြောင်းခြင်း မပြုလိုသော လယ်သမားတစ်ဦး၊ ဂုံးရှိန်ကျေးရွာ၊ ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ်။


# မြေသိမ်းပိုက်ခြင်း

ပိုက်လိုင်း လမ်းကြောင်းတစ်လျှောက်တွင် မြေယာများ သိမ်းပိုက်ယူငင်နေခဲ့သည်မှာ နှစ်တချို့ရှိခဲ့ပြီဖြစ်ပြီး ယခုလည်း ဆက်လက်၍ သိမ်းနေဆဲပင်ရှိသည်။ ဤအခန်းက ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်ဖြစ်ပွားခဲ့သော မြေသိမ်းမှုများကို စီစစ်ပြထားပါသည်။



ရွှေ သဘာဂဓာတ်ငွေ့လှုပ်ရှားမှု၏ သုတေသီများသည် မလကျွန်းနှင့် ရမ်းဗြဲကျွန်းပေါ်ရှိ အိမ်ထောင်စု ၂၆ စုထံမှ မြေသိမ်းယူမှုများကို မှတ်တမ်းပြုထားပါသည်။ ထိုအိမ်ထောင်စုများသည် အစိုးရအာဏာပိုင်များထံမှ ကတိပေးထားသော စာရွက်စာတမ်းများ ရှိပါလျက်၊ မည်သူမျှ လျော်ကြေး မရကြချေ။ ရမ်းဗြဲကျွန်းပေါ်ရှိ ပြိုင်းစိတ်ကေ ကျေးရွာ၌ လယ်မြေ ပျက်စီးဆုံးရှုံးခံရသော ရွာသား ၁၄ ဦးအနက် ၆ ဦးသာလျှင် လျော်ကြေးရသည်။ လျော်ကြေးကလည်း တချို့ လူများ ဆိုလျှင် လယ်ဧက တဝက်အတွက် ကျပ်ငွေ ၅၀, ၀၀၀ (အမေရိကန် ဒေါ်လာ ၅၂ ဒေါ်လာ)မျှသာ ရရှိသည်။

အလားတူပင် Punj Lioid ကုမ္ပဏီ ကန်ထရိုက်များ၏ ထရပ်ကားများကြောင့် (ထရပ်ကားများ ဖြတ်မောင်းသွားခြင်းကြောင့်ဖြစ်စေ၊ လယ်ထဲသို့ ရွှံ့ဗွက်ရေများ စီးဆင်းသွားသောကြောင့်ဖြစ်စေ)လယ်မြေ ပျက်စီးသွားခဲ့သော အိမ်ထောင်ဦးစီး ၂၃ ဦး၏ ပြောပြချက်များကို ကျွန်ုပ်တို့ မှတ်တမ်းပြုထားသည်။ ထိုအိမ်ထောင်ဦးစီးများက Punj Lioid ကို တိုင်ကြားခဲ့သော်လည်း လျော်ကြေးမရခဲ့ချေ။ ရွာသားများက ၂၀၁၃ ခုနှစ် ဧပြီလတွင် အစိုးရအာဏာပိုင်များထံ အသနားခံစာတင်ခဲ့သည်။ ဤတွင် စုံစမ်းရေး ကော်မရှင်ဖွဲ့ခဲ့သည်။ တင်ပြချက်နှင့်ပတ်သက်၍ ကော်မရှင်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု ဆိုသဖြင့် ရွာသား ၁၀၀ ကျော်တို့သည် ဖြေရှင်းပေးမှုကို စောင့်နေရလျက်ရှိသည်။ ဤအမှုများတွင် မြေယာလွှဲပြောင်းမှု သဘောတူစာချုပ်များနှင့် မဆိုင်ချေ။ (ဤတိုင်တန်းမှုများသည် ကန်ထရိုက်များကြောင့် လယ်မြေပျက်စီးဆုံးရှုံးရာမှ ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်)။



已按规定赔偿完毕。施工完成后，我的土地基本

有任何其它权利要求。

注：1、管道征用土地标明桩号、长度、位置等；2

过环境敏感区、保护区要注明

| မြေပိုင်ရှင် 土地所有者 | ရွာသူကြီး 村长 |
| --- | --- |
| | |

စီမံကိန်းအတွက် အသုံးပြုမည့်မြေများကို ငွေရှင်ကြေးရှင်များက ဆောက်လုပ်ရေး မစမီမှာ ဝယ်ထားခဲ့ကြသည်။ ရှုပ်ထွေးပွေလီ၍ မတော်မတရားရေးသားထားသော သဘောတူစာချုပ်များတွင် လယ်သမားများအား အကျပ်ကိုင်ပြီး လက်မှတ်ရေးထိုးစေခြင်းအားဖြင့် မြေများကို သိမ်းယူခဲ့သည်။ တချို့ရွာသားများက စာမတတ်ကြသည့် အပြင် စာချုပ်အများစုသည် တိုင်းရင်းသား ဘာသာစကားဖြင့် ရေးသားထားခြင်း မဟုတ်ပေ။ တချို့ကို မြန်မာဘာသာ၊ တချို့ကို တရုတ်ဘာသဖြင့် ရေးသားထားသည်။ တိုင်းရင်းသား ဒေသခံများသည် ဤဘာသာများဖြင့် ရေးသားထားသော စာချုပ်များကို ဖတ်တတ်ကြ၊ နားလည်ကြသည် မဟုတ်ချေ။ အများစုသည် ထိုအချိန်က ကြောက်တတ်ကြသဖြင့် လက်မှတ်ထိုးခဲ့ကြသည်။ သို့ရာတွင် နမ့်ခမ်းနယ်တွင်မူ၊ တရုတ်ဘာသာဖြင့် တစ်ဝက်တပျက်ရေးထားသော အောက်ဖော်ပြပါ စာချုပ်ကို လက်မှတ်မထိုးဘဲ နေခဲ့ကြသည်။ စာချုပ်မှာ လက်မှတ်ရေးထိုးခဲ့သော်လည်း ငွေထုတ်မပေးသော ဖြစ်ရပ်များစွာ ရှိနေသည်။ လျော်ကြေးရပြန်သော်လည်း မြေယာ အသစ်ပြန်ဝယ်ရေး၊ သို့မဟုတ် အိမ်ထောင်စု တစ်စုအဖို့ တစ်နှစ်၊ နှစ်နှစ်ခန့် ရပ်တည်ရေးအတွက် လုံလောက်သည် မဟုတ်ပေ။ ထို့အပြင် မြေယာဈေးနှုန်းကလည်း တသမတ်တည်းမရှိဘဲ နယ်မြေဒေသကိုလိုက်၍ အကြီးအကျယ် ကွာခြားသည်။

သာဓကအားဖြင့် ဖော်ပြပါမည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လယ်သမားများကော်မတီ(Northern Shan Farmers Committee)၏ ပြောပြချက်အရဆိုလျှင် ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာလူထုသည် မြေတစ်ဧကလျှင် ကျပ် ၁၃, ၀၀၀, ၀၀၀ (အမေရိကန်ဒေါ်လာ ၁၃,၅၀၀)ရရှိပြီး နမ္မတူနှင့် သီပေါမြို့နယ်တို့၌မူ ကျပ် ၂,၅၀၀, ၀၀၀ (အမေရိကန်ဒေါ်လာ ၂,၆၀၀) ခန့် ရရှိသည်။




# ပြန်လည်ကုစားရေး လုပ်ထုံးလုပ်နည်းများ

လက်ရှိ HLP(အိုးအိမ်၊ မြေယာနှင့် မရွှေ့ပြောင်းနိုင်သောပိုင်ဆိုင်မှုပစ္စည်းများ) ဥပဒေ(အချပ်ပို ၂ ကိုကြည့်ပါ)တွင် လုံလောက်သော ပြန်လည်ကုစားရေး လုပ်ထုံးလုပ်နည်းများ မပါရှိချေ။ လယ်သမားများအတွက် လက်ငုတ်လက်ရင်း လယ်မြေကို ပိုင်ဆိုင်ခွင့်ပေးမထားသော လယ်ယာမြေဥပဒေများသည် ခရိုင်အဆင့် အာဏာပိုင်များအား အပြီးအပိုင် ဆုံးဖြတ်ခွင့်ပေးထားသည်။ တရားစီရင်ရေးအဖွဲ့ကို ပေးထားသည်မဟုတ်ချေ။[၂၁]

ဤဥပဒေ မပြဋ္ဌာန်းခင်က လယ်ယာမြေအငြင်းပွားမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ၏ ရုံးသို့တင်ပြ ခဲ့ကြသည်။ ILO သည် အဓမ္မ လုပ်အားပေး ခိုင်းစေမှုနှင့် တိုက်ရိုက်သက်ဆိုင်သော အမှုများအတွက် ရှေ့ဆောင်ပြောပေးရန်သာ အခွင့်အာဏာရှိသည်။ ဥပဒေသစ်သည် တိုင်တန်းရေးစနစ်တစ်ခု(ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်မြေယာချထားရေးအဖွဲ့အစည်းများသို့) ချမှတ်ထားသော်လည်း အပြီးအပိုင် ဆုံးဖြတ်ခွင့်အာဏာသည် နိုင်ငံရေးသမားများ၏ လက်ထဲမှာသာ ရှိနေသည်။

မတရားသဖြင့် မြေသိမ်းမှုများ အဖြစ်များနေသဖြင့် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင် တစ်ရပ်ကို လွှတ်တော်က ဖွဲ့စည်းပေးခဲ့သည်။ ဤကော်မရှင်က စစ်တွေမြို့တွင် တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးပြီးစီး သွားပြီဖြစ်ပြီး အခြားမြို့နယ်များ(ကျောက်ဖြူမြို့နယ် အပါအဝင်ဖြစ်သည်)သို့လည်း သွားရောက်မည်ဟု သိရသည်။ သို့ရာ တွင် လေ့လာတွေ့ရှိချက်များကို အများပြည်သူသို့ ထုတ်ပြန်ခြင်း မရှိချေ။ မည်သည့် အကျိုးဆက်များ (တစ်နည်းအားဖြင့်) အလျော်ပေးမှုများ (တစ်စုံတရာရှိခဲ့လျှင်) ပေါ်ထွက်လာမည်ဆိုသည်ကိုလည်း မသိရချေ။[၂၂] ပြီးခဲ့သော စုံစမ်းစစ်ဆေးမှုများတွင် မြေယာဆုံးရှုံးမှုပြဿနာများကို ဖော်ထုတ်ရာ၌ အာဏာပိုင်များနှင့် ပတ်သက်သော မြေယာပြဿနာများကို ဖော်ထုတ်လိုသော ဆန္ဒမရှိကြောင်း တွေ့ရသည်။ (ဤကိစ္စနှင့်ပတ်သက်၍ အထင်အရှားဖော်ပြရမည်ဆိုလျှင် ကချင်ပြည်နယ် ဟူးကောင်း တောင်ကြားနှင့် မုံရွာမြို့အနီး လက်ပံတောင်း ကြေးနီစီမံကိန်း အမှုကိစ္စများ ဖြစ်သည်)။



本恢复了原貌，我满意，无论现在还是将来，我和我

、站场阀室征用土地标明面积、位置等；3、…

| | |
|---|---|
| မြေယာအဓိက ထိန်းသိမ်းရေး 土地主管部门 | MOE、MOGE |
| ကိုယ်စားလှယ် 代表： | ကိုယ်စားလှယ် 代表： |

လက်ဝဲဘက်ပုံသည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာသားများထံ သဘောတူ လက်မှတ် ရေးထိုးစေရန် ပေးသော မြေလွှဲပြောင်းမှု စာချုပ်တစ်ခုဖြစ်သည်။ စာချုပ်ပါ အဓိက အချက်များကို တရုတ်ဘာသာဖြင့် ရေးသားထားသည်။ ဘာသာပြန်ဆိုချက်ကို အောက်မှာ ကြည့်ပါ။


*"... လျော်ကြေးကိစ္စကို (လျော်ကြေး)ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း ပြီးစီးသွားပြီးနောက်တွင် အကြမ်းဖျင်းအားဖြင့် ကျွန်ုပ်၏ မြေကို မူလအတိုင်း ပြန်လည်ရရှိပြီဖြစ်သောကြောင့် ကျွန်ုပ် ကျေနပ်ပါသည်။ ယခု အချိန်တွင်ဖြစ်စေ၊ နောင်အခါတွင်ဖြစ်စေ ကျွန်ုပ်သည် အခြားမည်သည့် ရပိုင်ခွင့်ကိုမျှ တောင်းဆိုမည် မဟုတ်ပါ။"*

(ကျေးရွာသား အများစုက ဤစာချုပ်ကို လက်မှတ်မထိုးဘဲ နေခဲ့ကြသည်။)

# ဒေသခံပြည်သူတို့၏ ပြောဆိုချက်များ

ဒေသခံပြည်သူတို့သည် မိမိတို့၏ မြေယာအခွင့်အရေးနှင့်ပတ်သက်၍ နှုတ်ဆိတ်မနေခဲ့ကြချေ။ အောက်ပါစာရွက်စာတမ်းသည် (မှတ်တမ်းပြုထားသမျှ) မိမိတို့၏ မြေယာပေါ်မှာ နေထိုင်၊ လုပ်ကိုင်ခွင့်ကို ကာကွယ်ရန် ကြိုးပမ်းမှုများထဲက တစ်ခုဖြစ်ပါသည်။ ဤအမှုသည် ကျောက်ဖြူမြို့နယ်၊ ကတ်သပြေ (Katha Pyay)ကျေးရွာအုပ်စုရှိ၊ ဦးပိုင် (၃)ဦးပါ မြေကွက်နှင့် ပတ်သက်သော အမှုဖြစ်သည်။ ကျေးရွာအုပ်စုတစ်စုလုံးက ကျွဲနွား စားကျက်မြေအဖြစ် အသုံးပြုခဲ့သော အဆိုပါ မြေကွက်ကို အငြိမ်းစား ရေတပ်ဗိုလ်မှူးစန်းမောင်က ၂၀၁၁ ခုနှစ်တွင် သိမ်းယူခဲ့သည်။ ဗိုလ်မှူးစန်းမောင်က ထိုမြေကွက်ကို အိန္ဒိယကုမ္ပဏီ ပါရမီ(Paramey) သို့ ကျပ် (၂၀, ၅၄၀, ၀၀၀) (အမေရိကန်ဒေါ်လာ ၂၁, ၄၀၀)ဖြင့် ရောင်းစားခဲ့သည်။

၂၀၁၁ ခုနှစ်နှောင်းတွင်၊ ကတ်သပြေ ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ ဦးစံသာကျော်က ထိုမြေကို ပြန်ပေးရန် ပါရမီ(Paramey) ကုမ္ပဏီ၏ ဌာနချုပ်သို့ စာတစ်စောင်ရေးပို့ခဲ့သည်။ ၅ လကြာအပြီးတွင် ပြန်စာလည်းမရ၊ ထိုအငြင်းပွားနေသော မြေယာ ဖျက်ဆီးခံနေရသည်ကိုလည်း မြင်တွေ့နေရသဖြင့် ဦးစံသာကျော်က ခရိုင်နှင့် မြို့နယ် အာဏာပိုင်များထံ စာနှစ်စောင်ဖြင့် အသနားခံခဲ့သည်။ စာတစ်စောင်က မြေကို အကောင်းအတိုင်း ပြန်ဖြစ်အောင် လုပ်ပေးရေးအတွက် တောင်းဆိုခြင်းဖြစ်ပြီး၊ ကျန်တစ်စောင်ကမူ ထိခိုက်နစ်နာနေသော ကျေးရွာအုပ်စု ၂ စုမှ လူထုတစ်ရပ်လုံး၏ ကိုယ်စား မြေယာများကို ပြန်ပေးရေးနှင့် ပြန်လည်အသုံးပြုခွင့်ရရေးအတွက် တောင်းဆိုခြင်း ဖြစ်သည်။ ဦးစံသာကျော် သော်လည်းကောင်း၊ အခြားကျေးရွာလူထုများသော်လည်း ကောင်း မည်သည့် ပြန်ကြားချက်၊ သို့မဟုတ် လျော်ကြေးကိုမျှ မရရှိခဲ့ကြချေ။



ဦးစံသာကျော်

ဒီဇင်ဘာလ ၂၆ ရက်၊ ၂၀၁၂ ခုနှစ်။ (ပြန်ကြားချက်မရ)

ကတ်သပြေ (ကျောက်ဖြူမြို့နယ်)ရှိ၊ သိမ်းဆည်းခံရသော မြေကွက် (၃)ကွက် ပြန်လည်ရရှိရေးအတွက် အိန္ဒိကုမ္ပဏီ ပါရမီ (Paramey) နှင့်၊ ပြည်ထောင်စု ဆည်မြောင်းနှင့် လယ်ယာ စိုက်ပျိုးရေး ဝန်ကြီးဌာနသို့ ရေးပို့သောစာဖြစ်သည်။

ကွင်း ၄၇၄၊ ဦးပိုင် # ၄၆-၃
ကွင်း OSS၊ ဦးပိုင် # ၄၃-၁
ကွင်း ၄၇၇၊ ဦးပိုင် # ၅၀


"ဒီမြေကို ကျနော်တို့ ဘိုးစဉ်ဘောင်ဆက် လုပ်စားလာခဲ့တာပါ (ရှေးအစဉ်အလာကတည်းက ရှိခဲ့တဲ့ စားကျက်မြေပါ)။ ဒီမြေကို ကျနော်တို့ ပြန်လိုချင်တယ်။"




အလားတူပင်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း လယ်သမားများကော်မတီကို ကိုယ်စားပြုသော လယ်သမားတစ်စုကလည်း ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းအောင်မြတ်ထံသို့ အောက်ပါ အချက်များကို တောင်းဆိုထားသော စာတစ်စောင်ပေးပို့ခဲ့သည်။

- ဆုံးသွားခဲ့သော မြေများအတွက် လျော်ကြေးများကို အပြည့်အဝနှင့် ချက်ချင်းပေးရန်။
- ပိုက်လိုင်း၏ ကျိုးပျက်နေသော အပိုင်းများကို ပြန်လည်ပြင်ဆင်ပြီးနောက် စီမံကိန်း၏ အစိတ်အပိုင်းများ ပိုမိုတောင့်တင်းအောင်နှင့် တည်မြဲအောင် ဆောင်ရွက်ပေးရန်။
- ပြန်လည်ပြင်ဆင်မှုများလုပ်ပြီး၊ တည်ဆောက်မှု ခိုင်မာတောင့်တင်းမှုရှိလာသော အချိန်အထိ လုပ်ငန်း လည်ပတ်မှုကို ဆိုင်းငံ့ထားရန်။
- တိုင်တန်းမှုများလုပ်ရန်လိုအပ်ပါက တိုင်တန်းနိုင်ရေးအတွက် တာဝန်ရှိသူအားလုံးနှင့်ဆိုင်သော သတင်း အချက်အလက်များနှင့် ဆက်သွယ်ရန် အချက်အလက်များကို ပေးရန်။
- ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်သူများအတွက် အလုပ်အကိုင်များပေးရန်။
- စီမံကိန်း၏ အန္တရာယ်များမှ လူထုကို ကာကွယ်ပေးရေးအတွက် လုံလောက်သော ဘေးကင်းရေးအစီအမံများ ထားရှိရန်။

လယ်သမားများသည် တိုင်တန်းစာရရှိကြောင်း ပြန်ကြားချက်ကိုလည်းမရ၊ ပြန်စာကိုလည်းမရ၊ သိသာမြင်သာသော ပြောင်းလဲမှုများကိုလည်း မတွေ့ရချေ။



ဦးစံသာကျော်
မေလ ၁၅ ရက်၊ ၂၀၁၃ ခုနှစ်။ (ပြန်စာမရ)



ကတ်သပြေနှင့် ကြွတ္တိန်ကျေးရွာသားများ
မေလ ၁၅ ရက်နေ့၊ ၂၀၁၂ ခုနှစ်။ (ပြန်စာမရ)



အညစ်အကြေးများ ဖယ်ရှားပေးရေးနှင့် အောက်ပါမြေများကို ပြန်လည်ရရှိရေးအတွက် ပါရမီ(Paramey) ကုမ္ပဏီအား အရေးယူပေးပါရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ ပေးပို့သောစာဖြစ်သည်။

ကွင်း ၄၇၄၊ ဦးပိုင် # ၄၆-၃
ကွင်း OSS၊ ဦးပိုင် # ၄၃-၁
ကွင်း ၄၇၇၊ ဦးပိုင် # ၅၀

"မြေညှိစက်ဖြင့် ထိုးပြီးနောက်တွင် မြေကွက်ထဲသို့ အညစ်အကြေးများကို သွန်ချသည်။ ပါရမီ (Paramey) ကုမ္ပဏီသည် မြေကွက်ထဲမှာ တွင်းတူးပြီးနောက်၊ တွင်းထဲသို့ အညစ်အကြေးများကို သွန်ချခဲ့သည်။ ထို့ကြောင့် မြေကွက်ထဲမှာ ကျွန်ုပ်တို့ အလုပ်လုပ်၍ မရတော့ချေ။"

အောက်ပါမြေများကို ပြန်လည်ရရှိရေးနှင့် အပြည့်အဝ အသုံးပြုခွင့်ရရေးအတွက် မြို့နယ်မြေစာရင်းရုံးနှင့် ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးတို့ထံ မေတ္တာရပ်ခံသော စာဖြစ်သည်။

ကွင်း ၄၇၄၊ ဦးပိုင် # ၄၆-၃
ကွင်း OSS၊ ဦးပိုင် # ၄၃-၁
ကွင်း ၄၇၇၊ ဦးပိုင် # ၅၀

"(အငြိမ်းစားရေတပ်အရာရှိ)ဗိုလ်မှူး စန်းမောင်က မြေကို သိမ်းယူခဲ့သည်။ ကျေးရွာသားများသည် မြေကို အသုံးပြုခွင့် မရတော့ချေ။"



မြန်မာနိုင်ငံသည် ကလေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(Convention on the Rights of the Child-CRC)နှင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု သဏ္ဍာန်အားလုံး ပပျောက်ရေးနိုင်ငံတကာ သဘောတူစာချုပ် (Convention to Eliminate all Forms of Discrimination Against Women-CEDAW)တို့ကို သဘောတူညီ လက်မှတ်ရေးထိုးခဲ့သော နိုင်ငံဖြစ်သော်လည်း၊ ဒေသခံပြည်သူတို့သည် မိမိတို့၏ ရသင့်ရထိုက်သောအခွင့်အရေးများကို မသိသလောက်ဖြစ်နေကြပြီး၊ ပြန်လည်ကုစားရေးလုပ်ထုံးလုပ်နည်းများကိုလည်းလေ့လာရကောင်းမှန်းမသိကြချေ။ ဤသို့ဖြင့်၊ အလုပ်ရှင်များအဖို့ ၎င်းတို့ကြောင့် အလုပ်လက်မဲ့ဖြစ်သွားကြသော ဒေသခံပြည်သူများအပေါ် ထင်သလို ခေါင်းပုံဖြတ် အမြတ်ထုတ်ခွင့်ရရှိစေခဲ့သည်။

စီမံကိန်းကြောင့် မြေယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးသွားခဲ့ကြသူများအဖို့ အလုပ်အကိုင် အခွင့်အလမ်းက မရှိသလောက် ရှားပါးနေသည်။ ဒေသခံပြည်သူများသည် အလုပ်လုပ်ခွင့် လက်မှတ်ကို လျှောက်လွှာတင်ပြီး လျှောက်ယူကြရသည်။ လျှောက်လွှာကြေးကို ကျပ်(၂၀, ၀၀၀)(အမေရိန်ဒေါ်လာ ၂၀. ၈၄ ဒေါ်လာ)အထိပေးဆောင် ကြရသည်။ ထို့အပြင်၊ နယ်ခံလူ အတော်များများကိုလည်း အလုပ်လုပ်ခွင့် လက်မှတ်ထုတ်မပေးဘဲထားသည်။ ဤသို့ဖြင့် နယ်မြေအာဏာပိုင်များ၏ နောက်ထပ်သွေးစုတ်မှုကို ခံကြရပြန်သည်။

နယ်ခံလူများအတွက် အလုပ်အကိုင်များသည် အများအားဖြင့် နေ့စားပုဒ်ပြတ်အလုပ်များသာဖြစ်သည်။ ပစ္စည်း သယ်ချခြင်း သို့မဟုတ် လမ်းဖောက်လုပ်ရေးအတွက် ကျောက်ထုခြင်းတို့ဖြစ်သည်။ ဤအလုပ်များသည် ယာယီ အလုပ်များသာဖြစ်ပြီး၊ လုပ်ခအနည်းငယ်မျှသာရရှိကြသည်။ အလုပ်သင်တန်းလည်း မရှိချေ။ တွေ့ဆုံမေးမြန်းခံရသော လူများ၏ ပြောစကားအရဆိုလျှင် လုပ်ခနည်းသည်ဆိုသည်မှာ တစ်ခါတရံ၌ "တစ်ပြားမျှ မရ" ဟုပင် ဆိုကြသည်။



ကျောက်ဖြူနယ်မြေမှာ ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သူများအနက် လူအတော်များများက လုပ်ခမပေးဘဲနေခြင်း၊ လုပ်ခမပေးဘဲ အလုပ်ထုတ်ပစ်ခြင်း၊ ကိုယ်ထိလက်ရောက် မတော်မတရားလုပ်ခြင်း၊ ဆန္ဒပြလျှင် သို့မဟုတ် တရားဝင်တိုင်တန်းလျှင် အလုပ်ထုတ်ခံရမည်ဟု ခြိမ်းခြောက်ခြင်း၊ အလွန်ဘေးအန္တရာယ် မကင်းသော လုပ်ငန်းခွင် အခြေအနေများ ကဲ့သို့သော အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများအကြောင်းကို ပြောပြကြသည်။ တရားဝင်တိုင်တန်းမှု လုပ်သလားဟု မေးမြန်းသောအခါတွင် အများအားဖြင့် မလုပ်ပါဟု ဖြေကြသည်။ တရားဝင်တိုင်တန်းခြင်း မပြုအောင် အလုပ်သမားများအား တန်စိုးလက်ဆောင်အနည်းအကျဉ်းမျှ ပေးသည့်အခါမျိုးလည်းရှိသည်။ အလုပ်ထုတ်ပစ်မည်ဟု ခြိမ်းခြောက်သော အခါမျိုးလည်း ရှိသည်။

အလုပ်သမားများအဖို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ၏ရုံးသို့ စာပို့ရန် ဖြစ်နိုင်ခြေရှိသော်လည်း ကျောက်ဖြူမြို့မှာ ILO ကိုယ်စားလှယ်မရှိသဖြင့် အားကိုးအားထား ရှာရခက်ပေသည်။ ထို့အပြင်၊ ဒေသခံလူထု အတော်များများသည် ဤလုပ်ငန်းခွင်သစ်ဖြစ်သော စက်မှုလုပ်ငန်းခွင်မှာ အလုပ်သမားအခွင့်အရေး အကြောင်း နှင့်ပတ်သက်၍ အခြေခံပညာကင်းမဲ့ကြသည်။



*"ဟိုတုန်းကတော့ ကျနော်က တံငါသည်တစ်ယောက်ပါ။ အခုတော့ [Punj Lloid]ကုမ္ပဏီမှာ လုပ်တာ (၄)နှစ်ရှိပြီ" ဆိုတော့ ငါးမရှာနိုင်တော့ပါဘူး။ ကုမ္ပဏီက တစ်နေ့ကို ကျပ်(၄, ၅၀၀) (အမေရိကန်ဒေါ်လာ ၄.၆၀ ဒေါ်လာ)ပေးတယ်။ စားလို့မလောက်ပေမယ့်၊ ဒီလိုပဲနေရတာပဲ။ တရုတ်အလုပ်သမားတွေက ကျနော်တို့ကို တော်တော် ခြိမ်းခြောက်တယ်။ ဒါပေမယ့် ကျနော်တို့ တိုင်လို့မရပါဘူး။ အဲ့ ဒါကြောင့်တိုင်လားတန်းလား အလုပ်မျိုးကို ဘယ်သူမှ လုပ်မှာ မဟုတ်ပါဘူး။"*

မဒေးကျွန်းရေနက်ဆိပ်ကမ်းဆောက်လုပ်ရေးတွင် လုပ်ငန်းလုပ်နေသော Punj Lloid ကုမ္ပဏီမှ အလုပ်သမား တစ်ဦး၊
ဖေဖော်ဝါရီလ၊ ၂၀၁၃ ခုနှစ်
(ပစ္စည်းများ သယ်ချနေစဉ် နိုင်ငံခြားသားအလုပ်သမားတစ်ဦးက ဤအလုပ်သမားကို လေ့ပေါ်မှ ကန်ချသဖြင့် ဤအလုပ်သမား အနာတရဖြစ်သွားခဲ့ရသည်။)





နေ့စားအလုပ်သမားများသည် အလွန်ပူပြင်းသောနေရောင်အောက်မှာ နာရီပေါင်းများစွာ အလုပ် လုပ်ကြရသည်။ ဘိလပ်မြေအိတ်ကို ခေါင်းပေါ်ရွက်ပြီး၊ ခြေပလာဖြင့် သယ်ရသည့်အခါမျိုးလည်းရှိသည်။ ကျွန်ုပ်တို့၏ သတင်း စုဆောင်းသူ နှင့် စကားပြောသော အလုပ်သမားတစ်ယောက်က ဤသို့ပြောပြခဲ့သည်။ "မနက် (၆)နာရီထိုးမှာ ကျနော် အလုပ် စလုပ်တယ်။ ည(၆)နာရီအထိ လုပ်လေ့ရှိတယ်။ ဒီနေ့တော့ ခါတိုင်းထက် နည်းနည်းလျှော့လုပ်တယ်။ ကျနော်က ပညာမတတ်ဘူးလေ။ တခြားအလုပ်လည်း ဘာတစ်ခုမှ မလုပ်တတ်ဘူး။ ဒီအလုပ်ပြီး သွားရင် တခြားအလုပ် လုပ်စရာရှိမယ်လို့ ကျနော်မထင်ဘူး" ဟု ပြောပြသည်။

ကုန်းတွင်း ဓာတ်ငွေ့သိုလှောင်ရုံအနီးရှိ ကျောင်းတွင် ကျောင်းတက်နေသော ကျောင်းသားများကို လမ်းဖောက်ခြင်း၊ ကျောက်တူးခြင်း၊ အုတ်စီခြင်း အလုပ်များအတွက် အလုပ်သမားအဖြစ် စုဆောင်းသည်။ ကျောင်းသားများ၏ လုပ်အားခက စျေးပေါသည်။ လူကြီးအလုပ်သမားတစ်ယောက် တစ်နေ့လျှင် ကျပ်(၄,၀၀၀ - ၈,၀၀၀) (အမေရိ ကန် ဒေါ်လာ ၄- ၈ ဒေါ်လာ)

*"ပထမတော့၊ ရွာသားတစ်ယောက်ကို ကျပ် (၆, ၀၀၀) (အမေရိကန်ဒေါ်လာ ၆. ၂၅ ဒေါ်လာ)နှုန်းနဲ့ ငှားတယ်။ တကယ်ပေးတော့ ကျပ် (၂ ,၀၀၀) (အမေရိကန်ဒေါ်လာ ၂. ၀၈ ဒေါ်လာ) ပဲပေးတယ်။ ရွာသားတွေက လုပ်ခနဲ့ ပတ်သက်လို့ (ကန်ထရိုက်)မတရားလုပ်တာကို ဆန့်ကျင်တဲ့အနေနဲ့ တိုင်တန်းတယ်ဆိုရင် အဲဒီရွာသားတွေကို အလုပ်ထုတ်ပစ်တယ်။ကျနော်တို့နယ်မြေက အလုပ်သမားတွေအဖို့ ဒီလောက်လုပ်ခနဲ့ပဲ လုပ်နေကြရတယ်။ ... တခြားအလုပ် လုပ်စရာမှ မရှိဘဲကိုး။"*

ဦးကျော်န၊ OGT အလုပ်စခန်းထဲမှာ လုပ်ငန်းလုပ်နေသော MGCမှ နေ့စားအလုပ်သမားတစ်ဦး၊ ၂၀၁၂ ခုနှစ်။



ရသော အလုပ်မျိုးအတွက် ကျောင်းသားများကို ကျပ်(၂, ၀၀၀-၃, ၀၀၀) (အမေရိကန် ဒေါ်လာ ၂-၄ ဒေါ်လာ)ပေးရသည်။ Punj Lloid ကုမ္ပဏီက အသက်(၁၄)နှစ်လောက်အထိ ငယ်သော ကလေးများကို အလုပ်သမားများအဖြစ် အသုံးပြုသည်ဟု ရွှေသဘာဝဓာတ်ငွေ့အဖွဲ့ တွေ့ဆုံမေးမြန်းခဲ့သော အလုပ်သမားများက ပြောပြခဲ့သည်။

မဒေးကျွန်းဆောက်လုပ်ရေးအလုပ်စခန်းထဲမှာ သဲနှင့် ကျောက်စရစ်ခဲများ သယ်ရန် အလုပ်ခန့်ထားသော အမျိုးသမီးများအား အမျိုးသား အလုပ်သမားများအတွက်ပေးသော လုပ်ခ၏ တစ်ဝက်နှုန်းသာပေးသည်။ မန်နေဂျာများက ကုန်ကျစရိတ်ကို ချွေတာပြီး၊ ဖြတ်စားလပ်စားလုပ်ရန် အမျိုးသမီး အလုပ်သမားများကို ငှားရမ်းခြင်းဖြစ်သည်။ အမျိုးသမီးများသည် လုပ်ခွင်ထဲက လိင်မှုဆိုင်ရာ မတော်မတရားမှုများနှင့် ခြိမ်းခြောက်မှုများအကြောင်းကို ပြောပြကြသည်။

ဒေသခံအလုပ်သမားများအတွက် နေအိမ်မပေးချေ။ ရေနက်ဆိပ်ကမ်း ဆောက်လုပ်ရေးစခန်း၌ နိုင်ငံခြားအလုပ်သမားများအတွက် နေအိမ်များ ဆောက်လုပ်ပေးခဲ့သော်လည်း၊ ဒေသခံ အလုပ်သမားများကမူ အလုပ်စခန်းထဲမှာ ဝါးဖြင့် ဖြစ်သလိုထိုးထားသော တဲများဖြင့် နေထိုင်ကြရသည်။


# ENVIRO

ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ကျောက်ဖြူနယ်မှာ အထင်အရှားမြင်တွေ့နေရပြီဖြစ်သည်။ စက်မှုအညစ်အကြေးများကြောင့် အသက်မွေးဝမ်းကျောင်းမှုအတွက် မိမိတို့ အမှီသဟဲပြုနေရသော လယ်မြေများနှင့် ငါးဖမ်းရာ နေရာများ ပျက်စီးသွားခဲ့သည်ဟု ဒေသခံများက ပြောပြကြသည်။ လတ်တလောအားဖြင့် ပတ်ဝန်းကျင်ကို အကြီးအကျယ် ခြိမ်းခြောက်နေသည်များကား သောင်မှနေ၍ တူးထုတ်လိုက်သော ရွှံ့နွံများ၊ ကျောက်တူးခြင်း၊ မိုးရာသီမှာ လယ်ယာမြေများကို စက်မှုအညစ်အကြေးများ ဝင်ရောက်ဖုံးလွှမ်းခြင်းကြောင့် ဖြစ်ပွားလာသော ရှောင်တခင် ပျက်စီးမှုများဖြစ်သည်။

ကျောက်ဖြူမြို့နယ်၊ မြို့ချောင်းနယ်ရှိ၊ မြေယာပျက်စီးမှု (၂၈)မှုကို ကျွန်ုပ်တို့ အပြည့်အစုံ မှတ်တမ်းပြုထားသည်။ အမှု (၁၁)မှုမှာသာလျှင် ဤရှောင်တခင် ပျက်စီးမှုများအတွက် လျော်ကြေးရစရာရှိသည်။

လယ်ယာမြေများ ပျက်စီးရသည့်အပြင်၊ ကမ်းရိုးတန်းဂေဟစနစ်သည်လည်း ဘေးသင့်နေပါသည်။ ကျောက်ဖြူမြို့ ပတ်ဝန်းကျင် ပင်လယ်ပြင်သည် ရွှံ့နွံများဖြင့်ပြည့်နေပြီး၊ ဤအတွက်ကြောင့် ငါးများသေသည့်အပြင်၊ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ဒီရေတောများပါ ထိခိုက်ပျက်စီးခဲ့သည်။ (ဤတောများသည် မိုးရာသီမုန်တိုင်း အကာအရံအဖြစ်လည်း အကျိုးပြုသည်)

ဤစီမံကိန်းကြောင့် ဖြစ်ပွားသော ပတ်ဝန်းကျင် အမှန်တကယ်ပျက်စီးမှုနှင့် ပျက်စီးမည့် အလားအလာတို့သည် ရခိုင်ပြည်နယ်မှာချည်း တစ်သီးတစ်ခြားရှိနေသည်မဟုတ်ချေ။ ရှမ်းတောင်သူလယ်သမားများသည်လည်း တစ်ဆက်တည်းသော အလားတူ စိုက်ပျိုးမြေပျက်စီးမှုများကို ကြုံတွေ့ခဲ့ရသည့်အပြင်၊ နောင်တစ်ချိန်ချိန်မှာ သဘာဝဓာတ်ငွေ့နှင့် ရေနံယိုစိမ့်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြရပေသည်။ ပိုက်လိုင်းများကို မြေမြှုတ်မီမှာ အပေါက်များကိုတွေ့ရသည်ဟု ရှမ်းပြည်မြောက်ပိုင်း လယ်သမားများကော်မတီက ဖော်ပြခဲ့သည်။ ဤကော်မတီ၏ နောက်ဆုံးထုတ် အစီရင်ခံစာဖြစ်သော "ရှမ်းတောင်သူလယ်သမားများက ရွှေဂက်(စ်)ပိုက်လိုင်းကို ဆန့်ကျင်သည်"ဟု အမည်ရသည့် အစီရင်ခံစာထဲ၌ "ပိုက်လိုင်းပေါ်မှ အပေါက်များကို ကားဘီးပေါက်လျှင် ဖာသကဲ့သို့ ရာဘာစများဖြင့် ပြုပြင်ဖာထေးထားသည်"ဟု ဖော်ပြထားသည်။[၂၇]



ကျောက်ဖြူနယ်မှ ကျေးရွာသားတစ်ဦးက အနီးအနားရှိ Punj Lloid ကုမ္ပဏီ၏ အလုပ်စခန်းမှနေ၍ စိမ့်ထွက်လာသော စက်ဆီများကြောင့် ညစ်ညမ်းသွားခဲ့သော လယ်မြေထဲ ရှိရေစီးကြောင်းကို လက်ညှိုးထိုးပြခဲ့သည်။ ကျောက်ဖြူ၊ ရမ်းဗြဲကျွန်း၊ ဒီဇင်ဘာလ၊ ၂၀၁၂ ခုနှစ်။

# NMENT



# အကဲဖြတ်ချက်စံချိန်စံနှုန်းများ(စံချိန်မပြည့်)

သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ အကဲဖြတ်စိစစ်မှု (EIA/SIA) တို့ကို အများသိ ထုတ်ပြန်ခြင်း မရှိခဲ့ချေ။ သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းတို့ နှစ်ခုစလုံး၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ အကဲဖြတ်စိစစ်မှု တို့ကို ဖော်ဆောင်သောကုမ္ပဏီများသည် အနောက်နိုင်ငံများမှဖြစ်သည်။ CNPC က ယူကေနိုင်ငံအခြေစိုက်၊ (Environmental Resources Management-ERM)၏ ဟောင်ကောင်ဌာနခွဲကို ငှားရမ်းကာ EIA ကို ဖော်ဆောင်စေခဲ့သည်။ SIA ကိုမူ International Environmental Management Co., Ltd-IEM (ထိုင်းနိုင်ငံအခြေစိုက် ကနေဒါနိုင်ငံပိုင် ကုမ္ပဏီတစ်ခုဖြစ်သည်)က ဖော်ဆောင်ခဲ့သည်။ အကဲဖြတ်ချက် (၂) ခု စလုံးကို ၂၀၁၀ ခုနှစ်တွင် ဖော်ဆောင်ခဲ့သည်။ တွေ့ရှိချက်များကိုမူ ထုတ်ဖော်ခြင်းမပြုဘဲသိမ်းထားခဲ့သည်။

ရွှေသဘာဝဓာတ်ငွေ့လှုပ်ရှားမှုနှင့် အခြားသော တက်ကြွလှုပ်ရှားသူများက ပြည့်စုံပြီး၊ သီးခြားလွတ်လပ်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ အကဲဖြတ် စိစစ်မှုများ ကို အများသိ ထုတ်ဖော်ပေးရန်တောင်းဆိုခဲ့ကြသော်လည်း ဤတောင်းဆိုချက်များကို လျစ်လျူရှုထားခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ပျက်စီးမှုအတော်များများလည်း ဖြစ်ပွားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် မြေယာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်ဆက် မပျက်စီးရေးအတွက်၊ စီမံကိန်းကို အပြည့်အဝ အကောင်အထည် မဖော်မီမှာ လုံလောက်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်အောင် သင့်လျော်သော အကဲဖြတ်စီစစ်မှုများကို လုပ်ဆောင်ရမည်ဖြစ်ပါသည်။

Punj Lloid ကုမ္ပဏီက ဉပဒေလိုက်နာခြင်းမရှိဘဲ၊ ငါးဖမ်းနယ်မြေများထဲသို့ ရွှံ့နှစ်များကို သွန်ချခဲ့ရာ၊ လွန်ခဲ့သောနှစ်ကထက် ငါးရရှိမှု ၅၀ ရာခိုင်နှုန်း လျော့သွားခဲ့သည်ဟု မဒေးကျွန်းမှ ရွာသားများက အကြိမ်ကြိမ်ပြောပြခဲ့ကြသည်။ ထိုသို့ ရွှံ့နှစ်များ သွန်ချခြင်းကို လူမြင်မခံဝံ့သဖြင့် ညမထွက်ရဟု ပုဒ်မ-၁၄၄ ထုတ်ထားသည် အချိန် ည ၁၀ နာရီ ဝန်းကျင်တွင် ပြုလုပ်ကြသည်ဟု ရွာသားများက ပြောပြကြသည်။

ရေနံပိုက်လိုင်း ချထားသော မဒေးကျွန်း၌ ငါးဖမ်းလှေများ အလုပ်လုပ်စရာမရှိသည့် အဖြစ်သို့ ရောက်သွားခဲ့ကြသည်။






ဘိလပ်မြေများဖုံးအုပ်ထားသော လယ်ကွက်များသည် စိုက်ပျိုး၍ လုံးဝမရတော့ချေ။ မြေသားလမ်းပေါ်မှာ တစ်နေ့တခြားများပြားလာသော မော်တော်ယာဉ်များ ဖြတ်မောင်းသွားရာမှ ထလာသည့် ဖုန်များကြောင့် သီးနှံပင်များ နှင့် စပါးပင်များပျက်စီးရသည်ဟု ပြောသံဆိုသံများကြားရသည်။

၎င်းသည် စီမံကိန်း၏ အကျိုးဆက်ပေါင်း များစွာထဲက တစ်ခုဖြစ်သည်။ နိုင်ငံခြားကန်ထရိုက်များသည် ဤအကျိုးဆက်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားခြင်း မရှိခဲ့ချေ။ ရေနံယိုစိမ့်ထွက်ခြင်း သို့မဟုတ် ဓာတ်ငွေ့ပေါက်ကွဲခြင်းကဲ့သို့သော ရှောင်တခွင်ဘေးအန္တရာယ်များ ပေါ်ပေါက်လာစရာရှိသည်ဟု ဆိုနိုင်သည်။ Michael Oxlade of the safety firm Westminster International က မကြာသေးမီက ထုတ်ပြန်ခဲ့သော သတိပေးချက်တွင် ဤသို့ဖြစ်နိုင်ခြေရှိမှုများကို အလေးထားဖော်ပြခဲ့သည်။ ၎င်း၏ သတိပေးချက်ကား "လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသော နေရာတစ်နေရာတွင် ဓာတ်ငွေ့ပိုက်လိုင်းကို မြေပေါ်ဖော်၍ ချထားခြင်းမှာ မသင့်တော်ချေ။ မတော်တဆ ထိမှန်သော ကျည်ဆံကြောင့် အလွယ်တကူ ပေါက်ကွဲသွားနိုင်သည်။ ပိုက်လိုင်းကို ကျည်ဆံဖောက်သွားပါက ပိုက်လိုင်း ပေါက်ကွဲသွားနိုင်ပြီး၊ (ပတ်ဝန်းကျင်နယ်မြေကိုပါ)ကြီးစွာ ထိခိုက်သွားနိုင်သည်။" ဟု ဖော်ပြထားသည်။[၂၄]

*"ငါးတွေတော့ မရှိတော့ဘူး။ ကျနော်တို့မှာ တခြားတစ်နေရာရာကို သွားရှာဖို့ပဲ ရှိတော့တယ်။ ဒါပေမယ့် သူတို့က အဲဒီလို ရှာခွင့်မပေးတော့၊ ကျနော်တို့မှာ လုပ်စားစရာအလုပ် မရှိတော့ဘူး။"*

တံငါသည်တစ်ဦး၊ မဒေးကျွန်း၊ ဖေဖော်ဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ်။

စစ်တွေနှင့် ကျောက်ဖြူပတ်ဝန်းကျင်နယ်မြေသည် ဝင်ငွေရရေးအတွက် ဒေသခံပြည်သူများအမှီသဟဲပြုရာ ဒေသတွင်း ငါးဖမ်းနယ်မြေတစ်ခုဖြစ်သည်။ ကျောက်ဖြူနယ်တစ်နယ်ထဲမှာပင်လျှင် လူဦးရေ (၂၀, ၀၀၀)ခန့်အနက်၊ ၈၀% သည် ငါးဖမ်းလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ပြီး၊ လယ်ယာလုပ်ငန်းကိုမူ ဖြည့်စွက်လုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်ဟု ရွာလူကြီးများက ပြောပြခဲ့သည်။






ကချင်လွတ်လပ်ရေးတပ်မတော်မှ(KIA)တပ်သားတစ်ဦး၊ ဓာတ်ပုံ Edward Chung Hoi ၂၀၁၁ ခုနှစ်။

# CONI

ပိုက်လိုင်းများနှင့် မီးရထားလမ်းတို့သည် နယ်စပ်မြို့မူဆယ်ကို ဖြတ်လျှက်၊ တရုတ်ပြည်သို့ ဝင်ရောက်သည်။ ဤနေရာသို့ မရောက်မီမှာ ၎င်းတို့သည် မြန်မာစစ်တပ်နှင့် လက်နက်ကိုင်တိုက်နေသော တိုင်းရင်းသားတပ်မတော်များ ထိန်းချုပ်ရာ နယ်မြေများကို ဖြတ်သွားရမည်ဖြစ်သည်။

ကချင်လွတ်လပ်ရေးတပ်မတော်နှင့် အပစ်အခတ်ရပ်စဲမှု ပျက်သွားခဲ့သော ၂၀၁၁ ခုနှစ်ကစ၍[၂၅] မြန်မာစစ်တပ်သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ တပ်မဟာ(၄)မှ စစ်သည်များကို ပုံမှန် တိုက်ခိုက်နေခဲ့သည်။ မြန်မာစစ်တပ်သည်ပိုက်လိုင်းလမ်းကြောင်းနှင့်နီးကပ်သော နယ်မြေများရှိ၊ ရှမ်းပြည်တပ်မတော်(မြောက်ပိုင်း)၊ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (အားလုံးသည် KIA ၏ မဟာမိတ်များဖြစ်သည်)တို့ကိုလည်း တိုက်ခိုက်နေခဲ့သည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းနောက်ပိုင်းတွင် မြန်မာစစ်တပ်နှင့် KIA တို့အကြားတွင် တိုက်ပွဲကြီးများ ဖြစ်ပွားခြင်းမရှိတော့သော်လည်း ပိုက်လိုင်းလမ်းကြောင်းနှင့်နီးကပ်သောနယ်မြေများတွင် တိုက်ပွဲများ ပုံမှန်ဆိုသလို ဆက်လက်ဖြစ်ပွားနေလျှက်ရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားသောတိုက်ပွဲများကြောင့်၊ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ အရပ်သား အများအပြားပင် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ ၂၀၁၂ ခုနှစ်အကုန်မှ စ၍ နမ့်ခမ်း၊ နမ္မတူ၊ မိုင်းတုံ၊ မုန်းကိုးနှင့် အနီးအနားကျေးရွာငယ်များရှိ ယာယီစခန်းများတွင် နေထိုင်နေကြသော ပြည်တွင်းဒုက္ခသည်များသည် (၂,၁၀၀)ကျော် ရှိသည်ဟု ကယ်ဆယ်ရေးလုပ်သားတစ်ဦးက ပြောပြခဲ့သည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိသော အချို့နယ်မြေများတွင်မူ နောက် ပဋိပက္ခတမျိုးဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်သည် ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ စတင်ဖြစ်ပွားခဲ့သော လူမျိုးရေးအကြမ်းဖက်မှုကြောင့်၊ လူပေါင်း (၁၂၅, ၀၀၀)ကျော်တို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြသည်။ သည့်နောက်တွင် မြန်မာနိုင်ငံ၏ အခြားဒေသများသို့ ပျံ့နှံ့သွားခဲ့ပြီး၊ အလားတူပင် အိုးမဲ့အိမ်မဲ့ ဖြစ်မှုများ ရှိခဲ့သည်။ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်တွင် ချထားသော လုံခြုံရေးတပ်များအပြင်၊ အကြမ်းဖက်မှုများ နှင့်အိုးမဲ့အိမ်မဲ့ဖြစ်မှုများအတွက် ရခိုင်ပြည်နယ်မှာ နောက်ထပ် စစ်တပ်များချထားခဲ့ပြန်သည်။[၂၆]

လွန်ခဲ့သည်နှစ် တစ်နှစ်လုံး မီဒီယာမှာ လွှမ်းမိုးခဲ့သော ဤလုပ်ကြံဖန်တီးမှုဖြင့် ရခိုင်ပြည်နယ်ရှိ သယံဇာတအရင်းအမြစ်ထုတ်ယူရေးလုပ်ငန်းသို့ စူးစိုက်နေသော အာရုံကို ထိထိရောက်ရောက် လမ်းလွှဲနိုင်ခဲ့သည်။ အဓိကရုဏ်းများဖြစ်ပွား အပြီးတွင်၊ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်သောအားဖြင့်၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်းနယ်မြေအများအပြားတွင် ရာဇသတ်ကြီးပုဒ်မ (၁၄၄) ကို ကျင့်သုံးခဲ့သည် (တရားသူကြီး၏ အတည်ပြုချက်မလိုဘဲ၊ ညမထွက်ရအမိန့်နှင့် မြေယာအသုံးပြုမှု ကန့်သတ်ချုပ်ချယ်ခြင်းတို့ကို ချမှတ်ခြင်း၊ ကျင့်သုံးခြင်းတို့အတွက် စစ်တပ်ကို အာဏာပေးခြင်းအားဖြင့် စစ်အုပ်ချုပ်ရေးကို တစ်နည်းတစ်ဖုံ ချလိုက်ခြင်း ဖြစ်သည်)။ အများပြည်သူ စုဝေးခွင့်နှင့် လယ်ယာမြေလုပ်ကိုင်ခွင့်တို့ကို ပိတ်ပင်ရေးအတွက် ဗဟိုနှင့် ပြည်နယ်အစိုးရတို့က ဤပုဒ်မကို အကြိမ်ကြိမ် ကျင့်သုံးခဲ့ခြင်းဖြစ်သည်။



တအောင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)တပ်သားတစ်ဦး ဒုံးကျည်ပစ်လက်နက်ကို ချိန်နေပုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မေလ၊ ၂၀၁၃ ခုနှစ်။

## ကြပ်ကြပ် သတိပေးမှုများကို အစိုးရများက လျစ်လျူရှုခဲ့သည်။

**နော်ဝေးအစိုးရ ပင်စင်ရန်ပုံငွေအဖွဲ့ (The Government Pension Fund of Norway) (ရေနံရန်ပုံငွေအဖွဲ့ဟုလည်းခေါ်ကြသည်)သည်၊ CNPC၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သော PetroChina မှာ အဓိက ရင်းနှီးမြှုပ်နှံသူအဖြစ် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံခဲ့သည်။ နော်ဝေးအစိုးရသည် ကျင့်ဝတ်ဘုတ်အဖွဲ့ (Board of Ethics) ၏ ပြင်းပြင်းထန်ထန် သတိပေးမှုများကို အတိအလင်း လျစ်လျူရှုခဲ့သည်။ ကျင့်ဝတ်ဘုတ်အဖွဲ့သည် ပြည်တွင်းစစ်များကိုဖြစ်စေ၊ သတ်ဖြတ်မှုများကိုဖြစ်စေ၊ ညှဉ်းပန်းနှိပ်စက်မှုများကိုဖြစ်စေ၊ လွတ်လပ်ခွင့်နှင့် ပတ်သက်၍ နှိပ်ကွပ်ခြင်းများကိုဖြစ်စေ အကျိုးပြုသော ရင်းနှီးမြှုပ်နှံမှုများကို ပိတ်ပင်နိုင်ရေးအတွက် ဖွဲ့စည်းထားခြင်း ဖြစ်သည် ဟုဆိုပါသည်။**

**ကျင့်ဝတ်ဘုတ်အဖွဲ့သည် ၂၀၁၁ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် Pension Fund Global သို့ အောက်ပါ အကြံပြုချက်များ ပေးခဲ့သည်။**

*ဤအကြံပြုချက်များက ဖော်ပြသည်မှာ တရုတ်ကုမ္ပဏီ CNPC၏ မြန်မာနိုင်ငံမှာ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုနှင့် ပတ်သက်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အားပေးရာ ရောက်နိုင်သည်ဟူ၍ ဖြစ်သည်။ The Government Pension Fund Global(GPFG) သည် CNPC၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သောPetroChina Co. Ltd. တွင် ရင်းနှီးမြှုပ်နှံသည်။ ၃၁-၁၂-၂၀၀၉ ခုနှစ်ကစ၍ GPFG သည် PetroChina ကုမ္ပဏီတွင် ရှယ်ယာ ဒေါ်လာ(၉၂)သန်းတန်ဖိုးကို ပိုင်ဆိုင်ထားသည်။ ကုမ္ပဏီ ပိုင်ဆိုင်မှုတန်ဖိုး၏ ၀.၃ % ဖြစ်သည်။ CNPC က PetroChina ၏ ၈၆.၇ % ကို ပိုင် ဆိုင်ထားသည်။ တိုင်းရင်းသား အမျိုးမျိုးတို့နေထိုင်ရာ နယ်မြေများကို ဖြတ်လျှက်၊ ကီလိုမီတာ (၈၀၀)နီးပါးရှည်သော ပိုက်လိုင်းကိုတည်ဆောက်ခြင်းကြောင့် ပြင်းထန်သော၊ သို့မဟုတ် စနစ်တကျ ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားမည်ကို ကောင်စီက စိုးရိမ်ပါသည်။ မြန်မာအစိုးရက စီမံကိန်း လုံခြုံရေးအတွက် တာဝန်ယူမည်ဖြစ်သောကြောင့် CNPCသည် ဤစီမံကိန်းမှာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အားပေးသည့်အဖြစ်သို့ ရောက်နိုင်ဖွယ်ရှိသည်။*[၂၇]

**ဤမျှပြင်းထန်သော စကားလုံးများဖြင့် အကြံပေးထားသော်လည်း နော်ဝေး ဘဏ္ဍာရေးဝန်ကြီးဌာနသည် အောက်ပါ ကြေညာချက်ကို သတင်း ထုတ်ပြန်ခဲ့သည်။**

*Pension Fund Global(GPFG)၏ ရင်းနှီးမြှုပ်နှံမှု အဝန်းအဝိုင်းထဲမှ PetroChina Co. Ltd. ထုတ်ပယ်ရေး အတွက် ကျင့်ဝတ်ကောင်စီ၏ အကြံပြုချက်ကို မလိုက်နာရန် ဘဏ္ဍာရေးဌာနက ဆုံးဖြတ်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် ကျင့်ဝတ်ကောင်စီ (Council of Ethics) က PetroChina ကုမ္ပဏီကို GPFG ၏ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်မှ ထုတ်ပယ်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနအား အကြံပြုခဲ့သည်။ ဤကိစ္စကြောင့် အခြေခံကျသော မေးခွန်းများ ပေါ်ထွက်လာခဲ့သည်။ ကုမ္ပဏီသည် ကျင့်ဝတ်နှင့် မညီသော လုပ်ဆောင်ချက်များတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိချေ။ ဤလုပ်ဆောင်ချက်များသည် အခြားကုမ္ပဏီများနှင့် ပတ်သက်သည်။ အသေးစိတ်ကျကျ အကဲဖြတ်ပြီးနောက် ဝန်ကြီးဌာနက ကောက်ချက်ချသည်မှာ- ဤကုမ္ပဏီ (၂) ခု ၏ ဆက်သွယ်မှုကို တစ်သားတည်း ပေါင်းစပ်ခြင်းအဖြစ် မယူဆသင့်ချေ- ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကျင့်ဝတ်ကောင်စီ၏ အကြံပြုချက်ကို မလိုက်နာရန် ဆုံးဖြတ်လိုက်သည်။*

*ကျင့်ဝတ်ကောင်စီ၏ အခြေခံကား- မြန်မာနိုင်ငံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုနှင့် ပတ်သက်၍ ယခုနှင့် နောင်လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် မလိုလားဖွယ်ရာ ပါဝင်ပတ်သက်နိုင်သည့် အလားအလာများ ရှိသည်၊ ထို့အပြင်၊ ဆောက်လုပ်ရေးမှာ တာဝန်ရှိသော ကုမ္ပဏီများသည် ဤချိုးဖောက်မှုများတွင် ပါဝင် ပတ်သက်မည့် အလားအလာ များစွာရှိသည်ဟူ၍ ဖြစ်သည်။*


သို့ရာတွင် ဒိန်းမတ် ပင်စင်ရံပုံငွေအဖွဲ့(Danish Pension Fund-Danica)ကမူ ၂၀၀၉ ခုနှစ်မှာ ထုတ်ပြန်ခဲ့သော အလားတူ သတိပေးချက်ကို သဘောတူလက်ခံသောအားဖြင့် ရင်းနှီးမြှုပ်နှံမှုကို ရုပ်သိမ်းခဲ့သည်။[၂၈]

မူလ ပိုင်လိုင်းအစီအစဉ်သည် KIA နယ်မြေ အများစုကို ရှောင်ကွင်းသွားရန်ဖြစ်သည်။ သို့ရာတွင် ၂၀၁၀ ခုနှစ်တွင်၊ မူလရည်ရွယ်ထားခဲ့သော ပိုက်လိုင်းလမ်းကြောင်းသည် မြန်မာအာဏာပိုင်များ၏ တောင်းဆိုမှုကြောင့် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ မူလပိုက်လိုင်းလမ်းကြောင်းသည် သီပေါမှနေ၍ အရှေ့ဘက် လားရှိုးသို့ဦးတည်ပြီး၊ လားရှိုးမှတဖန် မြောက်ဘက် ကူမင်းသို့ ဦးတည်ရန်ဖြစ်သည်။ ပြန်လည်ပြင်ဆင်ထားသော လမ်းကြောင်းအရ၊ ပိုက်လိုင်းသည် သီပေါတွင် KIA နယ်မြေသို့ (၉၀) ဒီဂရီနီးပါးခန့်ကွေ့သွားသည်။

ပိုက်လိုင်းတည်ဆောက်မှုနှင့် တစ်ပါတည်းမှာပင် စစ်တပ်များကို တိုး၍ ချထားခြင်းကြောင့် ဒေသခံ အရပ်သားများ၏ ဘဝ များမှာ အကြီးအကျယ် ထိခိုက်ခဲ့သည်။ ပိုက်လိုင်းတည်ဆောက်မှု စကတည်းကပင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ၊ ၎င်းတို့၏ နယ်မြေတွင် တပ်ရင်းသစ် (၂၆) ရင်း ချထားလိုက်ကြောင်း၊ တအောင်း ကျောင်းသားနှင့် လူငယ်များအဖွဲ့(Ta’ang Students and Youth Organization-TSYO) မှ သုတေသီများက ၎င်းတို့၏ ၂၀၁၂ ခုနှစ်၊ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့သည်။[၂၉]

"စစ်သားများသည် အပြစ်မဲ့အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သက်မဲ့ ကျူးလွန်နေကြပြီး၊ အကျင့်ပျက်ချစားမှုများ နေရာအနှံ့မှာ ဖြစ်ပွားနေမှုကြောင့် ဒေသခံပြည်သူများအဖို့ စားဝတ်နေရေး အလွန်ကျပ်တည်းကြသည်။"ဟု တအောင်း ကျောင်းသားများနှင့် လူငယ်များအဖွဲ့၏ အစီရင်ခံစာက ဖော်ပြထားသည်။ ဤမတော်မတရားမှုများတွင် ကျွဲနွားများ သိမ်းယူခြင်း၊ စစ်သားများအတွက် ရွာသားများအား ရိက္ခာဆင့်ခြင်းတို့အပါအဝင်ဖြစ်သည်။ အသစ်ရောက်လာသော စစ်သားများကလည်း မြေမြှုပ်မိုင်းများနှင့် သူပုန်လှုပ်ရှားမှု ထူထပ်သော နေရာများသို့ ရွာသားများအား ပေါ်တာနှင့် လမ်းပြများအဖြစ် ဆွဲခေါ်ကြသည်။


စီမံကိန်းကို စတင်အကောင်အထည်ဖော်သည့်အနေနှင့် အလွန်ပေါက်ကွဲလွယ်သော ဓာတ်ငွေ့နှင့်ရေနံတို့ကို ဤနယ်မြေများမှ ဖြတ်လျှက်ပို့ပေးလိုက်ခြင်းကြောင့် အနီးအနားရှိ ကျေးရွာများအဖို့ နောက်ထပ် ကြောက်စရာများတိုးလာခဲ့သည်။




ပိုက်လိုင်းလုံခြုံရေးအတွက် ချထားသော မြန်မာစစ်တပ်၊ တပ်ရင်းများ၏ တည်နေရာများနှင့် ၂၀၁၁ ခုနှစ်အတွင်းက တိုက်ပွဲဖြစ်ပွားခဲ့သောနေရာများ။

# CORPORATE

Punj Lloid ကုမ္ပဏီက မဒေးကျွန်းပေါ်မှာ ကျောင်းသစ်တစ်ကျောင်း ဆောက်ပေးခဲ့သည်ဟု ရွာလူကြီးတစ်ဦး ဖြစ်သူ ဦးထွန်းကြည်က ကျွန်ုပ်တို့အား "'ဒါက ကျောင်းသစ်ပေ့ါ။ ကျွန်တော်တို့အတွက် ကျောင်းအဆောက်အဦးသစ် မလိုပါဘူး။ ကျနော်တို့မှာ ဘာဆရာ၊ ဘာစာအုပ်မှ မရှိပါဘူးဟု" ပြောပြခဲ့သည်။ ကုမ္ပဏီက ဤနယ်မြေတဝိုက်တွင် "ကျောင်း"အဖြစ် အမှတ်အသားပြုထားသော အလွတ်သက်သက် ကျောင်းများကို ဟန်ပြသဘောဖြင့် ဆောက်လုပ်နေလျှက်ရှိသည်။ ဆောက်လုပ်ထားသောကျောင်းများတွင် ဆိုင်းဘုတ်များနှင့် ကော်ပိုရေးရှင်းအမည် စာတန်းများ ချိတ်ဆွဲထားသည်။ သို့ရာတွင် ကျောင်းဆရာများနှင့် ကျောင်းသုံးပစ္စည်းများကို ဖြည့်ဆည်းပေးခြင်း မရှိချေ။




ဂုံးရှိန်ကျေးရွာရှိ စာမသင်သောကျောင်း၊ ရမ်းဗြဲကျွန်း၊ ဖေဖော်ဝါရီလ ၈ ရက်၊ ၂၀၁၃ ခုနှစ်။

RESPONSE?

၂၀၀၇ ခုနှစ်တွင် ရွှေကုမ္ပဏီစုက မြန်မာနိုင်ငံအတွင်း ၎င်းတို့၏ "လူမှု-စီးပွားရေးအစီအစဉ်"အကြောင်း အသေးစိတ်ဖော်ပြသော နှစ်ပတ်လည်အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။[၃၀]

အစီရင်ခံစာက စစ်တွေတွင် ဆေးရုံတစ်ရုံနှင့် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် စာသင်ကျောင်း (၂၂) ကျောင်း၊ ဆေးခန်း (၉) ခန်းတို့ပါဝင်သော ကျန်းမာရေးနှင့် ပညာရေးစီမံကိန်းတရပ်ကို ဖော်ပြထားသည်။ ဤလုပ်ဆောင်ချက်များသည် စာတွေ့အရသော် လည်းကောင်း၊ တကယ့်လက်တွေ့တွင်မူ အလွဲလွဲအချော်ချော်ဖြစ်နေပြီး၊ လုံလောက်မှုလည်း မရှိချေ။ ဤအဆောက်အဦးများကို တကယ်တမ်းအသုံးဝင်ရေးထက်၊ လူမြင်ရလွယ်ရေးအတွက် လမ်းမကြီးများတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်ဟု ဒေသခံများကပြောကြသည်။ ထို့ပြင်၊ ကျွန်ုပ်တို့ကိုယ်တိုင်လည်း မြင်တွေ့ခဲ့ရသည်။

အလိုအပ်ဆုံးလည်းဖြစ်၊ စီမံကိန်းဒဏ် တိုက်ရိုက်အသင့်ခံရသူများလည်းဖြစ်သော ကျေးရွာသားများသည် ဝေးလံသီခေါင်ပြီး၊ ဤ "အလှပြ အဆောက်အဦးများ"ကို အလှမ်းမမှီသောနေရာများတွင် နေထိုင်နေကြသူများဖြစ်သည်။

ပိုက်လိုင်း၏ မြောက်ပိုင်းကို တည်ဆောက်မည့် South-East Asia Oil Pipeline Company Limited နှင့်  South- East Asia Gas Pipeline Company Limited (နှစ်ခုစလုံးသည် CNPC ကတည်ထောင်ထားသော ကုမ္ပဏီများဖြစ်သည်)၊ ထို့အပြင် MOGE တို့က ၎င်းတို့ ထုတ်ဝေသော Brochure for Myanmar-China Oil and Gas Pipeline Project [၃၁] တွင် ၎င်းတို့၏ ကုသိုလ်ကောင်းမှုအကြောင်းကို ကြွားကြွားဝင့်ဝင့် ဖော်ပြထားသည်။

(၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့မှာ ကျင်းပပြီး၊ ဖိတ်ကြားခံရသူများသာ တက်ရောက်ရသော သတင်းစာရှင်းလင်းပွဲတွင် ဝေငှသည့်) ဤအစီရင်ခံစာက စီမံကိန်းနယ်မြေများ၏ ပတ်ဝန်းကျင်တွင် လူမှု-စီးပွား ဖွံ့ဖြိုးရေးအတွက် အမေရိကန်ဒေါ်လာ သန်း (၂၀) သုံးစွဲခဲ့ကြောင်း၊ ကျောင်းသစ်နှင့် ဆေးခန်းသစ် အဆောက်အဦးများ၏ ဓာတ်ပုံများနှင့် ဖော်ပြထားပြီး၊ ပုံအသီးသီး၏ ဘေးတွင် ထင်သလိုရေးထားသော "အကျိုးခံစားရသူများ ဦးရေ"ကိုပါ ဖော်ပြထားသည်။

ဤအဆောက်အဦး အတော်များများသည် လက်တွေ့အသုံးပြုရခြင်းလည်း မရှိသေးသည့်အပြင်၊ စီမံကိန်းကြောင့် ဒေသခံပြည်သူများ နေရာရွှေ့ပြောင်းရလေ ပို၍ အရာမရောက်လေဖြစ်ကြောင်းတွေ့ရသည်။



တူးဖော်ရေးလုပ်ငန်းများကို စီမံအုပ်ချုပ်ရေးတွင် မြန်မာနိုင်ငံ၏ လက်ရှိ တရားဥပဒေဘောင်သည် ထိရောက်ခြင်း မရှိချေ။ အဓိက ပြဿနာကား သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး၊ အရင်းအမြစ်နှင့် ဝင်ငွေ စီမံအုပ်ချုပ်ရေးကဲ့သို့သော ကိစ္စများနှင့် ပတ်သက်၍ အလုံအလောက်ပြဋ္ဌာန်းထားခြင်းမရှိသော မရေမရာနှင့် အငြင်းပွားဖွယ် အခြေခံဥပဒေဖြစ်သည်။ ထို့ပြင်၊ လက်ရှိ အခြေခံဥပဒေသည် ပြည်နယ်နှင့်တိုင်းများအား ဒေသတွင်း သယံဇာတအရင်းအမြစ်များနှင့် ပတ်သက်၍ အခွင့်အာဏာပေးထားခြင်းမရှိဘဲ၊ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းမှာ တွေ့ရသကဲ့သို့ ပြည်ထောင်စုအဆင့်ကိုသာ ထုတ်ယူခွင့်ပေးထားသည်။

၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင် ဘဏ္ဍာဝင်ငွေစောင့်ကြည့်ရေးအဖွဲ့ (Revenue Watch Institute) က Resource Governance Index တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ တူးဖော်ရေးကဏ္ဍရှိ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ ကမ္ဘာ့အရင်းအမြစ် အကြွယ်ဝဆုံး (၅၈) နိုင်ငံကို အကဲဖြတ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်ကမ္ဘာလုံးရှိ စွမ်းအင်ကြွယ်ဝသော နိုင်ငံများထဲတွင် အကဲဖြတ်ချက်တစ်စုံလုံးအရ အနိမ့်ဆုံးအဆင့် ရရှိသည်။ အကဲဖြတ်မှု စံထားချက်အသီးသီး(ဖွဲ့စည်းမှုဆိုင်ရာနှင့် ဥပဒေဆိုင်ရာ အနေအထား၊ အစီရင်ခံမှု လုပ်ဆောင်ချက်များ၊ ကာကွယ်စောင့်ရှောက်မှုများ၊ အရည်အသွေးထိန်းချုပ်မှုများနှင့် သဘာဝပတ်ဝန်းကျင်ကို အားပေးမှု)တွင် အမှတ်အနည်းဆုံးရရှိသည်။[၃၂]



GOVERN

အကြီးစား တူးဖော်ရေး စီမံကိန်းများကို စီမံအုပ်ချုပ်ရာ၌ မြန်မာနိုင်ငံ၏ အထင်သာအမြင်သာဆုံး အားနည်းချက်များကား-သဘာဝအရင်းအမြစ်များကို ပြည်ထောင်စု အစိုးရကသာ ပိုင်ဆိုင်ထားခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ အကဲဖြတ် စိစစ်မှု (ESIAs) လုပ်ရမည်ဟူသော ဥပဒေမရှိခြင်း၊ ပြည်နယ်/တိုင်းအာဏာပိုင်အဖွဲ့အစည်းမှာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး စီမံကိန်းများကို ချမှတ်ရန်နှင့် ဖော်ဆောင်ရန် အခွင့်အာဏာမရှိခြင်း၊ အားနည်းချက်များ ရှိနေသော နေအိမ်၊ မြေနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းဥပဒေ (HLP)၊ အများပြည်သူ အတိုက်အခံလှုပ်ရှားမှုကို ပိတ်ပင်ရေးအတွက် ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့် အရေးများကိုနှိပ်ကွပ်သော ဥပဒေများ ဖြစ်သည်။

သယံဇာတရင်းမြစ် ထုတ်လုပ်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး(Extractive Industries Transparency Initiative-EITI)တွင် သဘောတူလက်မှတ်ရေးထိုးမည်ဟု သမ္မတ ဦးသိန်းစိန်က ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ကြေညာခဲ့သော်လည်း၊ အစိုးရသည် ယခုအထိ လက်မှတ်ရေးထိုးခြင်းမရှိသေးသည့်အပြင်၊ မည်သို့အကောင်အထည်ဖော်ဖွယ်ရှိသည်ဆိုသည်ကိုလည်း အမှန်တကယ် ဖော်ပြခြင်းမရှိခဲ့ချေ။ EITI ကို လက်မှတ်ထိုးမည်ဟု ကတိပေးခြင်းသည် ကောင်းသောကိစ္စဖြစ်ပါသည်။ သို့ရာတွင် EITI သည် ဝင်ငွေပွင့်လင်းမြင်သာမှု ရှိရေးကိုသာ ဆောင်ရွက်ပြီး၊ ရိုက်ခတ်ချက် အကဲဖြတ်စိစစ်မှုနှင့် ရပ်ရွာများနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အခွင့်အာဏာ မရှိချေ။

EITI သည် တူးဖော်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှုရှိရးနှင့် ပတ်သက်၍ G8 ထောက်ခံထားသော နိုင်ငံတကာ စံချိန်တစ်ခုဖြစ်ပါသည်။ EITI သည် ၄င်း၏ နှစ်ပတ်လည်အစီရင်ခံစာပြုစုရာတွင် ကွပ်ကဲမည့် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကုမ္ပဏီကိုယ်စားလှယ်များပါဝင်သော ပါဝင်ပတ်သက်သူ ပေါင်းစုံ၏ ညွန့်ပေါင်းအဖွဲ့ (multi-stakeholder groups)များ ဖွဲ့စည်းနည်းကို ပေးထားပြီး၊ ထိုအစီရင်ခံစာကသယံဇာတ တူးဖော်ရေး စီမံကိန်းများ ပေးဆောင်ရသောငွေများနှင့် ထိုလုပ်ငန်းများတွင် ဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီများနှင့် အစိုးရများ၏ ရရှိသော ဝင်ငွေများကို အများပြည်သူသို့ အသိပေးပါသည်။

မြန်မာနိုင်ငံကိုယ်တိုင်က အကြီးဆုံးမြို့ကြီးများမှာပင်လျှင် စွမ်းအင် မလုံလောက်ရသည့်ကြားထဲ၊ သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်နှင့် ထိုင်းနိုင်ငံတို့သို့ ရောင်းချနေခြင်းအတွက် အစိုးရသည် အကြီးအကျယ် ဝေဖန်ခံနေရသည်။ သဘာဝဓာတ်ငွေ့ ထွက်ရှိသော ရခိုင်ပြည်နယ်သည် တနိုင်ငံလုံးဆိုင်ရာ ပင်မ လျှပ်စစ်ဓာတ်အားပေးလိုင်း နှင့် အဆက်အသွယ်မရှိချေ။ ရခိုင်ပြည်နယ်မှာ ဒီဇယ်ဆီသုံး အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားပေးနေရသဖြင့်၊ ရခိုင်ပြည်နယ်၏ လျှပ်စစ်မီးခသည် ရန်ကုန်လျှပ်စစ်မီးခထက် အဆ (၂၀) ကျော်လွန်နေသည်။

မြန်မာနိုင်ငံ၏ လက်ရှိ တည်ဆဲ ဥပဒေပိုင်းဆိုင်ရာ မြင်ကွင်းနှင့် အမှန်တကယ်ဖြစ်ပွားနေသော တကယ့် အကျိုးဆက်များနောင်တွင် ဖြစ်ပေါ်လာဖွယ်ရှိသည်များအကြောင်း အပြည့်အစုံ ပိုင်းခြားသုံးသပ်ထားချက်ကို SGM (ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု)၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လထုတ် အကျဉ်းချုပ်အစီရင်ခံ စာဖြစ်သော မြန်မာ့သဘာဝ သယံဇာတထုတ်လုပ်မှု လုပ်ငန်းများနှင့် ကောင်းမွန်သည့် အစိုးရအုပ်ချုပ်ရေးစနစ် (Good Governance and Extractive Industry in Burma)"ကို ဖတ်ကြည့်ပါရန် တိုက်တွန်းလိုပါသည်။

NANCE?

# စည်းသားရန် အချိန်တန်ပြီ

မြန်မာနိုင်ငံသည် နိုင်ငံခြားကုမ္ပဏီများအား တံခါးဖွင့်ပေးထားသဖြင့် ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းသည် သယံဇာတတူးဖော်ရေးလုပ်ငန်းဆိုင်ရာ စံချိန်များအတွက် ရှေ့ဆောင်လမ်းပြမှုတရပ် ဖြစ်လာနိုင်ပါသည်။ ဤရှေ့ဆောင်လမ်းပြမှု သည် မည်သို့သော ရှေ့ဆောင်လမ်းပြမှုမျိုးဖြစ်မည်နည်း၊ ထို့ပြင် မည်သူတို့၏ အကျိုးစီးပွားကို ထင်ဟပ်မည်နည်းဟူသော မေးခွန်းများကို မေးရန် ယခု အချိန်တန်တန်ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတွင် တစ်ဦးချင်းလွတ်လပ်မှု၊ နိုင်ငံရေးလွတ်လပ်မှု၊ တိုင်းရင်းသားပြည်နယ်များနှင့် တိုင်းများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ပါ တစ်ပါတည်း ပါရှိရမည်ဖြစ်ပါသည်။ ယခုချိန်ထိ တိုးတက်မှုများကို မတွေ့ရသေးချေ။

ဒေသခံပြည်သူများသည် (လက်တုန့်ပြန်ခံရမည်ကို မမှုဘဲ) ဤစီမံကိန်း၏ ဖျက်ဆီးမှုများကို မှတ်တမ်းပြုနေပါသည်။ ထို့ အပြင် သူတို့တတွေသည် ကုမ္ပဏီများနှင့် မြန်မာအစိုးရတို့အား သူတို့ရင်ထဲက စကားများကို ပြောပြရန် ကြိုးစားလာခဲ့သည်မှာလည်း နှစ်အချို့ ကြာခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် အရာမရောက်ခဲ့ချေ။ ယခုတော့ သူတို့၏ ကြိုးပမ်းမှုများအကြောင်းကို လူသိရှင်ကြား ထောက်ခံအားပေးရန် အချိန်တန်ပေပြီ။

လွန်ခဲ့သော နှစ်အချို့အတွင်းမှာ ဒေသခံပြည်သူများ၊ အလုပ်သမားများနှင့် နယ်မြေဒေသတွင်းရှိ စည်းရုံးလှုပ်ရှားသူများက စီမံကိန်းနှင့်ပတ်သက်၍ တရားဝင်တိုင်စာများတင်ခဲ့သည်သာမက၊ ကန့်ကွက်ဆန္ဒပြပွဲများလည်း လုပ်ဆောင်ခဲ့ကြသည်။ အရေးတစိုက်ခံရခြင်းများ မရှိသည့်အပြင်၊ ဖမ်းဆီးခံရသည်များလည်းရှိသည်။



ဤစီမံကိန်းကို ဆန့်ကျင်သော လှုပ်ရှားမှုများအနက် အနီးဆုံး လှုပ်ရှားမှုတစ်ခုကား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော မဒေးကျွန်းမှ ကျေးရွာသား (၃၀၀) ကျော်တို့၏ ဆန္ဒပြပွဲဖြစ်ပါသည်။ သူတို့၏ တောင်းဆိုချက်များကို မလိုက်လျောမချင်း ဆောက်လုပ်ရေးလုပ်ငန်းများကို ချက်ချင်းဆိုင်းငံ့ထားရန် တောင်းဆိုကြခြင်း ဖြစ်သည်။

ဆန္ဒပြခွင့်တောင်းသည်ကို (၂) ကြိမ် တိုင်တိုင် ငြင်းပယ်ခံရပြီးနောက်မှာ ဆန္ဒပြကြခြင်းဖြစ်သည်။ စည်းရုံးလှုပ်ရှားသူများသည် "ဥပဒေနှင့် ဆန့်ကျင်သည်ဟူသောသော"လှုပ်ရှားမှုများအတွက် ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် စစ်ကြောမေးမြန်းခြင်း ခံခဲ့ကြရသည်။ အဓိကရုဏ်းနှိမ်နင်းရေးအတွက် လွန်ခဲ့သောနှစ်က ချမှတ်ထားခဲ့သော ရာဇသတ်ကြီးပုဒ်မ (၁၄၄) ကို အကြောင်းပြလျှက်၊ ဆန္ဒပြခွင့်မပေးဘဲ ထားခဲ့ခြင်းဖြစ်သည်။[၃၃]

ဆန္ဒပြပွဲအပြီးတွင် ဖမ်းဆီးချုပ်နှောင်ခံရသော စည်းရုံးလှုပ်ရှားသူ (၁၀) ဦးတို့သည် အာမခံဖြင့် ပြန်လွတ်လာခဲ့ကြပြီး၊ ရုံးတင် စစ်ဆေးမှုအတွက် စောင့်နေကြရသည်။ ဤဆန္ဒပြပွဲသည် မြန်မာနိုင်ငံတွင်းမှာ ဖြစ်ပွားသော ပထမဦးဆုံး ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းဆန့်ကျင်ရေး လူထုလှုပ်ရှားမှုဖြစ်သော်လည်း နောက်ဆုံးလှုပ်ရှားမှုဖြစ်နိုင်ဖွယ်မဟုတ်ချေ။ စီမံကိန်းလမ်းကြောင်းတည်ရှိရာ တခြားနေရာဒေသများတွင်လည်း လှုပ်ရှားသူများ ဖော်ဆောင်လျှက်ရှိကြသည်။

ဤဆန္ဒပြပွဲမတိုင်မီ သီတင်းပါတ် တပါတ်ခန့်တွင် ရှမ်းပြည်နယ် လယ်ယာမြေများပေါ်မှ ပိုက်လုံးများကို လုံး၀ ဖယ်ရှားပေးရေးအတွက် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အာဏာပိုင်များထံ တိုင်စာရေးတင်ခဲ့သောလယ်သမားများကို ထောက်ခံသောအားဖြင့် ရှမ်းလူထုအဖွဲ့အစည်းများက သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်ခဲ့သည်။

ထိုသတင်းစာရှင်းလင်းပွဲအပြီး၊ တစ်ရက်နှစ်ရက်အကြာမှာပင် တအောင်း ကျောင်းသားများနှင့် လူငယ်များအဖွဲ့က ရှမ်းပြည်နယ်ရှိ ပိုက်လုံးများမှာ နှစ်ကြိမ်ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုများကြောင့် ကျေးရွာသားများအထိတ်တလန့် ဖြစ်သွားခဲ့ကြကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဧပြီလ နှောင်းပိုင်းတွင် ရှမ်းသတင်းအေဂျင်စီ (Shan Herald Agency for News)မှ ဆောင်းပါးတစောင်က "အကယ်၍ ရှမ်းပြည်နယ်အာဏာပိုင်များက စီမံကိန်း၏ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကျေနပ်လောက်ဖွယ်ရာ အရေးယူဆောင်ရွက်ပေးခြင်းမရှိလျှင်" ရှမ်းပြည်နယ်ရှိ လယ်သမားများက လူထုကန့်ကွက်ဆန္ဒပြပွဲကြီးတစ်ခု လုပ်မည်ဟု ကြိုတင်သတိပေးခဲ့သည်။[၃၄]

စီမံကိန်း၏ ဒဏ်သင့်ခြင်းကိုခံရသော နယ်မြေဒေသအားလုံး၌ ဒေသခံပြည်သူများ တစ်သံတည်းထွက်နေသော ပြောစကားသည်ကား- စီမံကိန်းမှာ အကျိုးအမြတ်များကို မျှတစွာခွဲဝေပေးရေး၊ လယ်သမားအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ အနာဂတ်မှ ဘေးအန္တရာယ်ကင်းရှင်းရေး၊ တည်ငြိမ်ရေးတည်းဟူသော ပြဿနာတို့ကို ထိထိရောက်ရောက် ဖြေရှင်းမပေးမချင်း၊ စီမံကိန်းကို ဆိုင်းငံ့ထားရမည်ဟူ၍ ဖြစ်ပါသည်။ စီမံကိန်း မကြာမီ အကောင်အထည်ပေါ်တော့မည်ဟု CNPC က ဆိုလိုက်သည်ဖြစ်ရာ၊ ပိုမိုကောင်းမွန်သော အုပ်ချုပ်ရေး၊ ပိုမိုကောင်းမွန်သော ကုမ္ပဏီလုပ်ဆောင်ချက်တို့အတွက် တာရှည်နိုင်ကွပ်ထားခြင်းခံရသော တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် ယခု အချိန်တန်ပြီ ဖြစ်ပါသည်။

ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းသည် အနာဂတ် မြန်မာနိုင်ငံ သဘာဝသယံဇာတများ စီမံခန့်ခွဲမှုအတွက် မှတ်ကျောက်တင်ပေးမည့် ကရိယာ၊ စမ်းသပ်ပေးမည့် လစ်တမတ်စက္ကူကဲ့သို့ပင် ဖြစ်ပါသည်။ သေချာသည်မှာ လက်ရှိ သဘာဝဓာတ်ငွေ့ နှင့် အခြားသယံဇာတ ထုတ်လုပ်မှုများအပေါ် စီမံခန့်ခွဲမှုမှာ ဤသို့စစ်ဆေးခံနိုင်သည့် အနေအထား မရှိသေးပါ။ မကြာသေးမီက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှစတင်၍ ရခိုင်အမျိုးသား ဖွံ့ဖြိုးရေးပါတီ (RNDP) က လက်မှတ်များစုဆောင်းကောက်ခံသည့် လှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့ပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ အခွင့်အရေးများ၊ သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ပိုင်ခွင့်ကို အာမခံချက်ပေးရန် တောင်းဆိုခဲ့ပါသည်။ ဤသို့သော အာမခံချက်များကို နောက်ဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေ ပြောင်းလဲ၍ပင် ဆောင်ရွက်ရန် လိုအပ်ကောင်း လိုအပ်ပါလိမ့်မည်။

သို့ဖြစ်ရာ လွှတ်တော်၏ ပြန်လည်စီစစ်သုံးသပ်ခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ပြန်လည်ပြင်ဆင်မှုများကို ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်တွင် လက်တွေ့အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်မပေးမချင်း၊ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းနှင့်တကွ၊ သက်ဆိုင်ရာလုပ်ငန်းအားလုံးကို ဆိုင်ငံ့ထားရန် ကျွန်ုပ်တို့ တောင်းဆိုလိုက်ပါသည်။



# နိဂုံးချုပ်မှတ်ချက်

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံရေးပတ်ဝန်းကျင်သည် ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းကဲ့သို့သော ဖွံ့ဖြိုးရေးလုပ်ငန်းအကြီးစားများအတွက် အသင့်မဖြစ်သေးချေ။ မတော်မတရားမှုများတွင် ပယောဂမကင်းသည့်အဖြစ်မျိုးနှင့် အနာဂတ်တွင် တန်းတူညီမျှမှုမရှိခြင်းနှင့် အိုးအိမ်အခြေပျက်ခြင်းတို့ မဖြစ်အောင်ရှောင်ရန် တစ်ခုတည်းသောနည်း လမ်းကား- အုပ်ချုပ်မှုညံ့ဖျင်းခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးကင်းမဲ့ခြင်းပြဿနာတို့ကိုဖြေရှင်းမပြီးမချင်း၎င်းစီမံကိန်းနှင့်အခြားသောအလားတူစီမံကိန်းများကိုဆိုင်းငံ့ထားရန်ဖြစ်ပါသည်။

သို့ဖြစ်၍ အောက်ပါဖြေရှင်းနည်းများကို ကျွန်ုပ်တို့ အကြံပြု ဖော်ပြလိုက်ပါသည်။

## အကြံပြုချက် # ၁

အောက်ပါလုပ်ငန်းများကို ဆောင်ရွက်မပြီးမချင်း၊ ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းနှင့် စပ်လျဉ်းသော လုပ်ဆောင်ချက်များကို ဆိုင်းငံ့ထားရန်(ဆောက်လက်စ အခြေခံအဆောက်အအုံများကို ရပ်ထားရန်နှင့် ပြီးစီးသွားသော အစိတ်အပိုင်းများ၏ လုပ်ငန်းလည်ပတ်မှုကို ဆိုင်းငံ့ထားရန်)။

- အရေးအကြီးဆုံးသော မြေယာပြဿနာနှင့် အလုပ်သမားအခွင့်အရေးပြဿနာများ အားလုံးကို ဖြေရှင်းရေး။
- ဧပြီလ ၁၈ ရက်နေ့ ကန့်ကွက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော ဆန္ဒပြသူများအားလုံးအပေါ် စွဲဆိုမှုများကို ရုပ်သိမ်းရေး။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုဘဝထိခိုက်မှုဆိုင်ရာ အကဲဖြတ် စိစစ်မှုများကို အများပြည်သူသို့ အသိပေးရေး။
- ရွှေ သဘာဝဓာတ်ငွေ့ စီမံကိန်းမှ ပေါ်ထွက်လာသော ရေနံယိုစီးခြင်း၊ ဓာတ်ငွေ့စိမ့်ထွက်ခြင်းနှင့် အခြားဖြစ်နိုင်ဖွယ်ရာအလားအလာများအတွက် ဖြေရှင်းရေးနည်းလမ်းများပါဝင်သော ဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအစီအစဉ် ချမှတ်ရေး၊ ထိုသို့ချမှတ်ရာတွင်ဒေသခံပြည်သူများ၏ အကြံဉာဏ်ပြုချက်အလုံးစုံဖြင့်ရေးဆွဲပြီး၊ လူထုပညာပေးလှုပ်ရှားမှုတစ်ခုတွင် အများပြည်သူသို့ အကုန်အစင် ချပြသည့်အစီအစဉ်ကိုပါ ထည့်သွင်းရေးဆွဲရေး ။
- တာရှည်ခံသော ငြိမ်းချမ်းရေး ရရှိရေးအတွက် မြန်မာအစိုးရနှင့် တိုင်းရင်းသားများအကြားတွင် နိုင်ငံရေးပြဿနာ ဖြေရှင်းရေး။

## အကြံပြုချက် # ၂

၎င်းဆိုင်းငံ့ထားသော ကာလအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်စိစစ်ခြင်း၊ ဥပဒေသစ်များကို ကျင့်သုံးခြင်းအားပြုလုပ်ပြီး အောက်ပါပြဿနာများကို ဖြေရှင်းမပြီးမချင်း၊ သယံဇာတ အရင်းအမြစ်သစ်များကို ရောင်းချခြင်းမပြုရန်။

- မြန်မာနိုင်ငံသည် EITI အစီရင်ခံစာရေးသားပြုစုခြင်းတွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများကို တိုး၍ ပါဝင်စေပြီး၊ ထိုမှတဖန် EITI အသင်းဝင်နိုင်ငံဖြစ်လာရေး။
- မြေယာဆုံးရှုံးခြင်း၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရခြင်း၊ သဘာဝပတ်ဝန်းကျင် ဖျက်ဆီးခံရခြင်းတို့အတွက် အများပြည်သူသိရှိနိုင်ပြီး၊ ပြီးပြည့်စုံမှုလည်းရှိသော တိုင်တန်းရေး လုပ်ထုံးလုပ်နည်းများ ချမှတ်ရေး။
- သတင်း အချက်အလက်များ လွတ်လပ်စွာ ကြိုတင် သိရှိခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့် (Free, Prior and Informed Consent) ကို အဓိပ္ပါယ်ဖွင့်ဆိုပြီး အာမခံခြင်းရှိသော ဥပဒေကို ပြဋ္ဌာန်းရေး။
- ရင်းနှီးမြှုပ်နှံမှုသစ်အားလုံးအား ဒေသခံလူမှုအုပ်စုများနှင့် ပူးပေါင်းလုပ်ဆောင်သည့် - ပြည့်စုံပြီး၊ သီးခြားလွတ်လပ်သော EIA နှင့် SIA စီစစ်မှုလုပ်စေရန် ဥပဒေပြဋ္ဌာန်းရေး။
- ခွဲခြားမှုမရှိသော မြေယာလျော်ကြေးပေးမှုအတွက် ဥပဒေပြဋ္ဌာန်းရေး။
- နိုင်ငံတကာအလုပ်သမားအဖွဲ့ (ILO) နယ်မြေရုံးများကို ကျောက်ဖြူနှင့် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက်ရှိ မြို့ကြီးများတွင် ဖွင့်လှစ်ထားပြီး၊ တိုင်တန်းရေး လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးနိုင်စေရေး။
- လူ့အခွင့်အရေးဆိုင်ရာ အဓိက သဘောတူစာချုပ်များနှင့် ကျင့်ဝတ်စည်းကမ်းများ(ဆိုလိုသည်မှာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် - ICCPR - ကဲ့သို့သော စာချုပ်များ)ကို လက်မှတ်ရေးထိုးရေးနှင့် ကျင့်သုံးရေး။
- လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့်ပတ်သက်၍ ကန့်သတ်သော ဥပဒေများ (ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလမ်းလျှောက်ခွင့်ဆိုင်ရာ ဥပဒေများနှင့် မီဒီယာဥပဒေ)ကို ပြန်လည်ပြင်ဆင်ရေး။
- ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကာကွယ်မှုရှိသော ဖက်ဒရယ်စနစ် ဖွဲ့စည်းပုံကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းရန်။
- ပြည်နယ်များ၏ သဘာဝသယံဇာတ အရင်းအမြစ်များအပေါ် ပိုင်ဆိုင်မှု နှင့် ထိန်းချုပ်ပိုင်ခွင့်တို့ကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရေး။

**အချပ်ပို # ၁**

စီမံကိန်းဒဏ်သင့်သော မြို့နယ်များ

| | **မြို့နယ်** | **ပြည်နယ်** |
|---|---|---|
| ၁ | ကျောက်ဖြူ | ရခိုင် |
| ၂ | အမ်း | ရခိုင် |
| ၃ | ငဖဲ | မကွေး |
| ၄ | မင်းဘူး | မကွေး |
| ၅ | စကု | မကွေး |
| ၆ | ပွင့်ဖြူ | မကွေး |
| ၇ | ရေနံချောင်း | မကွေး |
| ၈ | ချောက် | မကွေး |
| ၉ | ကျောက်ပန်းတောင်း | မန္တလေး |
| ၁၀ | တောင်သာ | မန္တလေး |
| ၁၁ | နွားထိုးကြီး | မန္တလေး |
| ၁၂ | တံတားဦး | မန္တလေး |
| ၁၃ | ကျောက်ဆည် | မန္တလေး |
| ၁၄ | စဥ့်ကူ(Sein Khine) | မန္တလေး |
| ၁၅ | ပုသိမ်ကြီး | မန္တလေး |
| ၁၆ | ပြင်ဦးလွင် | မန္တလေး |
| ၁၇ | နောင်ချို | ရှမ်း (မြောက်) |
| ၁၈ | ကျောက်မဲ | ရှမ်း (မြောက်) |
| ၁၉ | သီပေါ | ရှမ်း (မြောက်) |
| ၂၀ | နမ္မတူ | ရှမ်း (မြောက်) |
| ၂၁ | မန်တုံ | ရှမ်း (မြောက်) |
| ၂၂ | နမ့်ခမ်း | ရှမ်း (မြောက်) |

## အချပ်ပို # ၂

၂၀၁၂ ခုနှစ်၊ နေအိမ်၊ မြေယာနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ(HLP)ဆိုင်ရာ အခွင့်အရေး ပြုပြင်မှု

### ၂၀၁၂ ခုနှစ်၊ HLP ပြုပြင်မှု

- **လယ်ယာမြေဥပဒေ**သည် ၁၉၆၃ ခုနှစ်၊ လယ်ယာမြေ သီးစားချထားရေးဥပဒေနှင့် ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်မှု ဥပဒေတို့ကို အစားထိုးလိုက်ပြီး၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေတို့ကို ပယ်ဖျက်လိုက်သည်။ ဤဥပဒေသည် လယ်လုပ်သူ၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်ပြီးနောက်၊ လုပ်ကိုင်သော လယ်ယာမြေများနှင့် ပတ်သက်၍ အဆင့်ဆင့် စီမံအုပ်ချုပ်ရေးစနစ်တစ်ခုကို ချမှတ်လိုက်သည်။ လယ်ယာမြေဥပဒေသည် ယခင် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အမိန့်အာဏာကို ထပ်မံကျင့်သုံးပြီး၊ အစိုးရ၏ မြေသိမ်းယူခွင့်နှင့် သီးစားချထား ခွင့်အာဏာကို ဆက်လက်ထိန်းသိမ်းထားသည်။
- **လစ်လပ်မြေ၊ ပလပ်မြေနှင့် မြေရိုင်းများ စီမံအုပ်ချုပ်မှု ဥပဒေ (Vacant, Fallow and Virgin Lands Management Law)** သည် အကြီးစား ရင်းနှီးမြှုပ်နှံမှုများ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုပြပြီး၊ ထိုရင်းနှီးမြှုပ်နှံသူများသို့ မြေယာသစ်များ ချထားပေးသည်။ ဤ ဥပဒေသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် ဖြစ်သော်လည်း၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကိုလည်း ဖြည့်စွက်ပေးသည်။ ထို့ပြင် ဤဥပဒေသည် မြေသစ်များ၊ အသုံးမပြုသော မြေများကို တန်ဖိုးဖြတ်ခြင်း၊ လုပ်ပိုင်ခွင့် ချထားပေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းပြုသော နည်းဥပဒေတရပ်ကိုလည်း ချမှတ်ပေးသည်။

### မြန်မာနိုင်ငံ၏ HLP ဥပဒေများကို ဝေဖန်ချက်

လက်ရှိဥပဒေဘောင်မှနေ၍ ပေါ်ထွက်လာသော အဓိက စိန်ခေါ်မှုကား ဆင်းရဲသော လယ်သမားများအဖို့ လယ်လုပ်ပိုင်ခွင့် မလုံခြုံခြင်းပင်ဖြစ်သည်။ ဤမလုံခြုံမှု၏ ဘေးထွက်အကျိုးဆက်များအဖြစ်၊ အခြားပြဿနာများ ပေါ်ပေါက်လာပါသည်။ ၎င်းတို့ကား- မြေယာမဲ့မှုများ၊ တဘက်စောင်းနင်း သဘောတူစာချုပ် ချုပ်ဆိုမှုများ၊ အစုလိုက်အပြုံလိုက် နေရာရွှေ့ပြောင်းမှုများ၊ ကျေးလက်ဒေသမှ မြို့ပြဒေသသို့ ပြောင်းရွှေ့မှုများဖြစ်သည်။ ဤပြဿနာများသည် လူနည်းစု တိုင်းရင်းသားများအပေါ် အကြီးအကျယ် ထိခိုက်စေသော ပြဿနာများဖြစ်သည်။

ဤ အဓိကကျသော မြေယာပြဿနာသည် ၂၀၁၂ ခုနှစ်၊ မြေယာဥပဒေ၏ အားနည်းချက်များမှနေ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဥပဒေကို ဝေဖန်သူများက ဆိုပါသည်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် အာရှလူ့အခွင့်အရေးကော်မရှင်(Asian Human Rights Commission)က ထုတ်ပြန်သော ကြေငြာချက်၌ အောက်ပါ အားနည်းချက် (၃) ချက်ကို ထောက်ပြထားသည်။ ၇၅

- တည်ဆဲဥပဒေထက် ပိုမိုကောင်းမွန်လာခြင်းမရှိ
- အုပ်ချုပ်ရေးအာဏာကို ပို၍ ကြီးစေခြင်း
- အခြေခံလွတ်လပ်ခွင့်များကို ငြင်းပယ်ခြင်း

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေသည် နိုင်ငံတော်အကကျိုးဟူသော အကြောင်းပြချက်တစ်ခုခုဖြင့် သို့မဟုတ် မမှန်မကန် အသုံးပြုခြင်း၊ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း၊ ပေးဆောင်စရာများကို ပေးဆောင်ရန်ပျက်ကွက်ခြင်း စသည့် ချိုးဖောက်မှု အကြောင်းပြချက်အမျိုးမျိုးဖြင့် အစိုးရအား လယ်ယာမြေပြန်လည်သိမ်းယူခွင့်အာဏာ ပေးထားသည်။ ဤသို့ဖြင့် လယ်သမားအသေးစားကလေးများမှာ လယ်ယာမြေလက်လွတ်ဆုံးရှုံးရမည့်အန္တရာယ်ကြီးစွာ ရှိနိုင်သည်။

သို့ရာတွင်၊ လစ်လပ်မြေ၊ ပလပ်မြေနှင့်၊ မြေရိုင်းများ စီမံအုပ်ချုပ်မှုပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့သည်အကြီးစား ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ပံ့ပိုးပေးရန် ရေးဆွဲထားခြင်းဖြစ်သည်။ သို့ဖြစ်ရာ အကြီးစားလုပ်ငန်းရှင်များက လယ်ယာမြေများကိုတိုးချဲ့ရန်ကြိုးစားလာပါက အသေးစားလယ်သမားများအဖို့ "မြေလု"ခံရမည့် အန္တရာယ် ကြီးစွာရှိနိုင်ပါသည်။ တကယ်တော့ လယ်ယာစိုက်ပကျိုးရေးကဏ္ဍ ကြီးထွားတိုးတက်ရေးမူဝါဒသည် ဆင်းရဲမွဲတေမှုကို အမှန်တကယ်လျှော့ချမည်ဆိုပါက အသေးစားလုပ်ကိုင်သော လယ်သမားများကို အထူးအလေးထားခြင်းနှင့် မျှတသော မြေယာခွဲဝေပေးခြင်းတို့ ရှိရမည်ဖြစ်ပါသည်။

ဥပဒေကျွမ်းကျင်သူများက ဤဥပဒေသည် မြေလုယူမှုများကို ဖြစ်ပွားစေခဲ့သည်ဟု ဆိုပြီး၊ မြန်မာနိုင်ငံသည် "အာရှ၏ အိုးမဲ့အိမ်မဲ့များမြို့တော် (displacement capital of Asia)"[၇၆] ဖြစ်မည့် အလားအလာရှိသည်ဟု ဟောကိန်းထုတ်ခဲ့သည်။

## ENDNOTES


1 *New Energy Architecture: Myanmar.* World Economic Forum, Accenture, Asian Development Bank. June 2013, page 19. Available at: http://www3.weforum.org/docs/IP/2013/EN/WEF_New_Energy_Architecture_Myanmar.pdf

2 id.

3 United Nations Development Programme. *Integrated Household Living Conditions Survey in Myanmar 2009-2010: Poverty Profile Report.* June 2011, page 6. Available at: http://www.mm.undp.org/ihlca/01_Poverty_Profile/PDFs/12%20Poverty%20Profile_Complete%20Report.pdf

4 "China-Myanmar pipelines to be completed in May." Xinua News, 21 January 2013. Available at: http://news.xinhuanet.com/english/china/2013-01/21/c_132116981.htm

5 "Myanmar-China gas pipeline starts to deliver gas to China." Xinhua News, 28 July 2013. Available at: http:http://news.xinhuanet.com/english/business/2013-07/28/c_132581007.htm

6 McKinsey & Company. *Myanmar's moment: Unique opportunities, major challenges.* June 2013, page 5. Available at: http://www.mckinsey.com/insights/asia-pacific/myanmars_moment

7 Myanmar Ministry of Energy. Avaiable at: http://www.energy.gov.mm/index.php/en/about-moe/menu-moge

8 Ota, Tatsuyuki. "The role of special economic zones in China's economic development as compared with Asian Export Processing Zones: 1979-1995." Asia in Extenso, March 2003, pages 19-20. Available at: http://www.iae.univ-poitiers.fr/EURO-ASIE/Docs/Asia-in-Extenso-Ota-mars2003.pdf

9 CITIC Group of Companies. *Myanmar Kyaukpyu Harbor Industrial Zone Preliminary Feasibility Study.* May 2011. On file with SGM.

10 Confidential assessment document on file with SGM. January, 2010.

11 International Finance Corporation. *IFC Performance Standards on Environmental and Social Sustainability.* 1 January 2012, page 7,paragraph 5.

12 Id. Page 21, paragraph 26.

13 Id. Page 23, paragraph 4.

14 Id. Page 27-8, paragraph 2, 5.

15 Id. Page 33-4, paragraph 9, 11.

16 Id. Page 41, paragraph 8.

17 Id. Page 49, paragraph 10.

18 Id. Page 54, paragraph 7.

19 Daewoo International. *Shwe Project Socio-Economic Program Annual Report: 2006-2007*. 2007. On file with SGM.

20 Daewoo International. *Land Acquisition Activities 2009-2010: Kyauk Phyu, Rakhine State*. 2011. Available at: http://www.earthrights.org/sites/default/files/daewoo-land-acquisition-english.pdf

21 Republic of the Union of Myanmar 2012 Farmlands Law, Chapter V-X.

22 Kyunt, Punna. "Arakan Land Commission begins investigation into confiscation lands." Narinjara Independent Arakanese News Agency, 21 September 2012. Available at: http://www.narinjara.com/main/index.php/arakan-land-commission-begins-investigation-into-confiscation-land/

23 Northern Shan Farmers Committee. "Shan Farmers oppose the Shwe pipelines." 4 April 2013. Available at: http://www.shanhumanrights.org/images/stories/Action_Update/Files/shan%20pipeline%20-%20english.pdf

24 Byrne, James. "Pipeline perils on the China-Myanmar border." Interfax International Information Group, 28 March 2013. Available at: http://interfaxenergy.com/natural-gas-news-analysis/asia-pacific/pipeline-perils-on-the-china-myanmar-border/


25 Maung Shwe, Thomas. "Burma army sends more troops to fight KIA along Shwe pipeline route" Kachin News Group, 24 January 2012. Available at: http://www.kachinnews.com/news/2223-burma-army-sends-more-troops-to-fight-kia-along-shwe-pipeline-route.html

26 Stout, David Marshall. "Commission calls for troops to be doubled in Arakan state" Democratic Voice of Burma, 29 April 2013. Available at: http://www.dvb.no/news/commission-calls-for-troops-to-be-doubled-in-arakan-state/27818
27 Council on Ethics for the Government Pesion Fund Global. *Annual Report 2011*. December 2011, page 33.
28 "Government Pension Fund Global: The Ministry of Finance does not exclude PetroChina." Press release, 12 June 2011. Available at: http://www.regjeringen.no/en/dep/fin/press-center/press-releases/2011/statens-pensjonsfond-utland-nye-beslutni/government-pension-fund-global-the-minis.html?id=665636
29 Ta'ang Students and Youth Organization. "Pipeline Nightmare Shwe Gas fuels civil war and human rights abuses in Ta'ang community in northern Burma." November 2012, page 6. Available at: http://www.burmalibrary.org/docs14/Pipeline_Nightmare-en-red.pdf
30 Daewoo International. *Shwe Project Socio-Economic Program Annual Report: 2006-2007*. 2007. On file with SGM.
31 South-East Asia Oil Pipeline Company and South-East Asia Gas Pipeline Company. "Brochure for Myanmar-China Oil & Gas Pipeline Project." April 2013, pages 36-52. On file with SGM.
32 Revenue Watch Institute. *The 2013 Resource Governance Index*. May 2013. Available at: www.revenuewatch.org/rgi
33 Rejection letters from Township and state-level authorities on file with SGM.
34 "Shwe gas pipelines loosely connected, say worried Shan farmers," Shan Herald Agencyfor News. 29 April 2013. Available at: http://www.english.panglong.org/index.php?option=com_content&view=article&id=5383:shwe-gas-pipelines-loosely-connected-say-worried-shan-farmers&catid=87:human-rights&Itemid=285
35 Asian Human Rights Commission. Press release, "Burma: Draft land law denies basic rights to farmers." 1 November 2011. Available at: http://www.humanrights.asia/news/ahrc-news/AHRC-STM-163-2011
36 Stout, David Marshall. "Scott Leckie: 'Burma could easily become the displacement capital of Asia.'" Democratic Voice of Burma, 5 November 2012. Available at: http://www.dvb.no/interview/scott-leckie-'burma-could-very-easily-become-the-displacement-capital-of-asia'/24607




(အပေါ်)　　မသေချာသည့်အနာဂါတ်ကို တောင့်တင်းရင်ဆိုင်နေကြသည့် မိန်းကလေးငယ်များ - လိပ်ခမော်ကျေးရွာအုပ်စု။

(အောက်)　　မဒေးကျွန်းရှိ လယ်ယာမြေပိုင်ရှင်များ စီမံကိန်းကြောင့် ပျက်စီးသွားသော လယ်ယာမြေများအတွက် နစ်နာကြေး တောင်းခံသည့်သူများစာရင်း။



| | | | | |
|---|---|---|---|---|
| ၁၄ | ဦးဖိုးယိုင်ဦး | ၀၇၇၉၇၇ | ဦးစံဖူး | |
| ၁၅ | ဒေါ်မသောကြာ | ၁၁၃၈၀၅ | ဦးပေါ်ထွန်း | |
| ၁၆ | ဦးမောင်စောကြည် | | ဦးဝေမြအောင် | |
| ၁၇ | ဦးမောင်မောင်ဝင်း | ၀၅၅၀၄၄ | ဦးမောင်ခိုင် | |
| ၁၈ | ဦးဖြူဒေါင်း | ၀၂၀၇၂၆ | ဦးင/ခြာ | |
| ၁၉ | ဦးထွန်းမြအောင် | ၀၁၇၄၄၁ | ဦးမြသာထွန်း | |
| ၂၀ | ဦးထွန်းခင်နု | ၀၈၃၃၈၅ | ဦးမောင်သာထွန်း | |
| ၂၁ | ဦးမောင်လှကြည် | ၁၁၃၈၂၄ | ဦးမောင်ကျံယု | |
| ၂၂ | ဒေါ်မစံနု | ၁၁၃၈၁၃ | ဦးမောင်သာ | |
| ၂၃ | ဦးမောင်ဖြူ | ၀၅၅၀၆၉ | ဦးဘိုးယိုင် | |
| ၂၄ | ဦးညွန့်မောင်နု | ၁၀၈၃၁၃ | ဦးခထီးအောင် | |
| ၂၅ | ဦးမောင်ဝင်းခင် | ၀၇၄၁၉၀ | ဦးလှချမ်းအောင် | |


စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း
မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်း
(ရေနံဝင်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း)

စာအမှတ်၊ စွမ်းအင် /လုပ်ငန်း/ကဖ / ၀၁၃
ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ မေလ ၃၀ ရက်

သို့

ဦးစီးမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန
ကျောက်ဖြူမြို့

အကြောင်းအရာ ။ ရေနံတင်ဆိပ်ကမ်း မြေ/ယာသိမ်းဆည်းတိုင်းတာရေးကိစ္စ

မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ ရေနံတင်ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်း၊ မဒဲကျွန်း တွင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မြေနေရာအတွင်း မဒဲကျွန်း(ရွာမ)ရွာနေ ဦးထွန်းခင်နု (ဘ) ဦးမောင်သာထွန်း၊ ၁၁/ကဖန(နိုင်) ဝ၈၃၃၈၅ နှင့် ဦးအောင်လှစိန် (ဘ) ဦးမောင်လှအောင်၊ ၁၁/ကဖန(နိုင်) ၀၂၀၇၇၁ တို့(၂)ဦးသည် ၎င်းတို့၏ ဥယျာဉ်မြေများပါရှိနေကြောင်း စီမံကိန်းလုပ်ငန်းသို့အကြောင်းကြား တင်ပြလာပါသဖြင့် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် သို့မှိုင်းအကြောင်းကြားအပ်ပါသည်။

(အောက်) ထမင်းချက်ရန် လောင်စာအဖြစ် ထင်းများကို စုဆောင်းသယ်ယူနေကြသည့် အမျိုးသမီးများ၊ ပင်လယ်ရေနက်ဆိပ်ကမ်းဆောက်လုပ်ရေး လုပ်ငန်းခွင်နေရာ - မဒေးကျွန်း။



ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု အဖွဲ့
www.shwe.org
စက်တင်ဘာလ၊ ၂၀၁၃ ခုနှစ်